ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်၊ ကြာသပတေးနေ့၊ (9-2-2006) (၄၈၆၆)

တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏သမိုင်းသည် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်မှုအပေါ်တွင် အခြေခံခဲ့ပါသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်သည့် အခါကာလများတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အင်အားသည် တောင့်တင်းခိုင်မာ၍ ခမ်းနားထင်ရှားဂုဏ်မြင့်မားခဲ့ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှု အားနည်းသည့် အခါကာလများတွင် ပြည်ထောင်စု၏ နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့် လူမှုရေးအခြေအနေ အဆင့်အတန်းနိမ့်ကျခဲ့ရသည်ကို ထင်ထင်ရှားရှား ကြုံခဲ့ရပြီးဖြစ်ပါသည်။

ပင်လုံညီလာခံတွင် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုကို အခိုင်အမာဖော်ပြနိုင်ခဲ့၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် အချုပ်အခြာအာဏာပိုင်သည့် လွတ်လပ်သောနိုင်ငံအဖြစ် ရောက်ရှိခဲ့ပါသည်။ ရရှိထားသော အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသား ပြည်သူအားလုံးသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၂)နှစ်မြောက်ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

အမှာစကားပြောကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



ကျေးလက်ဒေသဖွံ့ဖြိုးရေး ဇောက်ချဆောင်ရွက်ပြီး ကျေးလက်နေပြည်သူများ အကျိုးစီးပွားကို ဖော်ဆောင်နေ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး၊ ဇီဝလောင်စာ ထုတ်လုပ်အသုံးပြုရေး ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ရန်လုပ်ကိုင် ခေတ်သစ်စနစ်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်များကို ချမှတ်ထားသည့် ဦးတည်ချက်များနှင့်အညီ အကောင်အထည်ဖော်

ရန်ကုန် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမဆောင်၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် နားလည်မှုရှိရှိ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်နိုင်မှုကြောင့် နိုင်ငံတော်သည် ဘက်စုံကဏ္ဍစုံမှ တိုးတက်အောင်မြင်မှုများ ရရှိလျက်ရှိ။ နိုင်ငံရေးမျက်နှာစာတွင်လည်း ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းရေးလုပ်ငန်း အစီအစဉ်များသည် နိုင်ငံတော်၏ ပကတိအခြေအနေနှင့် ဆီလျော်ကိုက်ညီသည့်အတွက် မလွဲမသွေ အောင်မြင်မှုများ ရရှိမှာဖြစ်။

တက်ရောက်

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ တွဲဖက် အထွေထွေအတွင်းရေးမှူးနှင့် အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသောပုဂ္ဂိုလ်များ၊ သင်တန်းတာဝန်ခံ၊ သင်တန်းကြီးကြပ်သူ အရာရှိများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဗဟိုနာယကအဖွဲ့ဝင်၊နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် **စာမျက်နှာ ၃ ကော်လံ ၁သို့** ✪

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၉-၂-၂၀၀၆
(ကြာသပတေးနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရောဝတီတံတား(ရတနာပုံ) တည်ဆောက် စံချိန်စံညွှန်းမီ ခိုင်ခံ့ကောင်းမွန်ရေးကြိုးပမ်း

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူများအားလုံး၏ ရေရှည်အကျိုးကို ရှေးရှုပြီး နယ်မြေဒေသတစ်ခုချင်းမှသည် ပြည်ထောင်စုတစ်ဝန်းလုံး၌ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကကျသော လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ပိုမိုပြည့်စုံကောင်းမွန်လာစေရန် အလေးထား၍ စီမံဖြည့်ဆည်းပေးနေသည်။

ယခုအခါ ပြည်ထောင်စုတစ်ဝန်း၌ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ကောင်းမွန်ရေးအတွက် လမ်းသစ်များစွာကို ကွန်ရက်သဖွယ် ဖောက်လုပ်ပေးလျက်ရှိသကဲ့သို့ တံတားကြီး တံတားငယ်အသွယ်သွယ်ကိုလည်း တိုးချဲ့တည်ဆောက်ပေးနေသည်ကို တွေ့ရသည်။

နယ်မြေဒေသတိုင်း၌ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်လာမှုများနှင့်အတူ တိုးတက်များပြားလာသော ယာဉ်သွားလာမှု လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ဒေသအလိုက် ကြိုးပမ်းလျက်ရှိသည်။ ယင်းသို့ ကြိုးပမ်းဖော်ဆောင်မှုများတွင် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့ကို ဆက်သွယ်သွားလာနိုင်မည့် ဧရာဝတီမြစ်ကူး ရောဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းသည် တစ်ခုအပါအဝင်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အဖွဲ့ဝင်များလိုက်ပါလျက် ဖေဖော်ဝါရီလ ၅ ရက်နေ့က မန္တလေးတိုင်းခရီးစဉ်အတွင်း ရောဝတီတံတား (ရတနာပုံ) တည်ဆောက်ရေး စီမံကိန်း၏ မန္တလေးဘက်ကမ်းရှိ တည်ဆောက်ပြီးစီးမှုလုပ်ငန်းများနှင့် ကားလမ်းကူး ရထားလမ်းခုံးကျော် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ရောဝတီတံတား (ရတနာပုံ)သည် အရှည်ပေ ၅၆၁၄ ပေရှိသည့် သံမဏိသံပေါင်နှင့် သံကူကွန်ကရစ် ကြမ်းခင်းအမျိုးအစားဖြစ်ပြီး လေးလမ်းသွားကားလမ်း တံတားကြီးဖြစ်သည်။ အဆိုပါတံတားကြီးကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာများက မန္တလေးဘက်ကမ်းနှင့် စစ်ကိုင်းဘက်ကမ်းတို့တွင် တစ်ပြိုင်တည်း တည်ဆောက်လျက်ရှိကြသည်။

ယခုအခါ တံတားတည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းလျက်ရှိရာ မန္တလေးဘက်ကမ်းနှင့် စစ်ကိုင်းဘက်ကမ်းတို့ရှိ ချဉ်းကပ်တံတားလုပ်ငန်းများ ရာခိုင်နှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။

ရောဝတီတံတား(ရတနာပုံ)၏ မန္တလေးဘက်ကမ်း ချဉ်းကပ်လမ်းသည် မန္တလေး-မြစ်ကြီးနား ရထားလမ်းကို ဖြတ်သန်းသွားသည့်အတွက် မန္တလေး-မြစ်ကြီးနား ရထားလမ်းမိုင်တိုင် ၃၉၀/၇ တွင် တံတားအကျယ် ၇၅ ပေ၊ အရှည် ၁၁၅ ပေရှိ သံကူကွန်ကရစ် အမျိုးအစား ကားလမ်းကူး ရထားလမ်းခုံးကျော်ကို တည်ဆောက်လျက်ရှိရာ ၉၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

တံတားကြီး၏ ရေလယ်ပင်မတံတားတွင် သံပေါင်ခုံးများ တပ်ဆင်လျက်ရှိရာ ပင်မတံတားသံပေါင် တပ်ဆင်မှုလုပ်ငန်း စုစုပေါင်း ၁၁၂၆ မီတာရှိသည့်အနက် သံပေါင် ၈၈၆ မီတာ တပ်ဆင်ပြီးစီးနေပြီဖြစ်သည်။ တံတားတည်ဆောက်ရေး စီမံကိန်းတစ်ခုလုံးအနေဖြင့် လုပ်ငန်း ၈၅ ရာခိုင်နှုန်း ပြီးစီးနေကြောင်းသိရသည်။

သို့ဖြစ်ရာ မြန်မာအင်ဂျင်နီယာများနှင့် ဝန်ထမ်းများအနေဖြင့် ပြည်သူများ ကူးသန်းဆက်သွယ်သွားလာမှု ပိုမိုအဆင်ပြေ လွယ်ကူစေရေး ရည်မှန်းချက်ဖြင့် ရောဝတီတံတား (ရတနာပုံ)ကို တည်ဆောက်လျက်ရှိရာတွင် စံချိန်စံညွှန်းမီ သပ်ရပ်ခိုင်ခံ့ကောင်းမွန်ရေးအတွက် မိမိတို့၏ အတတ်ပညာနှင့် စေတနာပေါင်းစပ်၍ အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား မိသားစုအသွင်ဖြင့် ညစာတည်ခင်းဧည့်ခံ

ရန်ကုန် ဖေဖော်ဝါရီ ၈

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ကြမည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ယနေ့ ညနေ ၆ နာရီတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီ မိသားစုတို့၏ နေအိမ်မြက်ခင်းပြင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ကြမည့် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ၊ ဝန်ကြီး၏မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီ မိသားစုတို့က (၅၉) နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ကြိုဆိုနှုတ်ဆက်ကြပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ မိသားစုအသွင် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အလားတူပင် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ ဇနီး ဒေါ်အေးအေးနှင့် မိသားစုဝင်များက ယနေ့ ညနေပိုင်းတွင် ကမာရွတ်မြို့နယ် ပန်းဝါလမ်းရှိ နေအိမ်၌ မိသားစုအသွင် ညစာဖြင့် ရင်းရင်းနှီးနှီး တည်ခင်းဧည့်ခံပြီး အမှတ်တရ လက်ဆောင်များ အပြန်အလှန် ပေးအပ်ကြသည်။

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ကြမည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီ မိသားစုတို့က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဇနီး ဒေါ်ကျင်ခိုင်နှင့် ဝန်ထမ်းမိသားစုများ ပြည်ထောင်စုနေ့ ကိုယ်စားလှယ် ၁၅ ဦးအား ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ၌ မိသားစုအသွင်ဖြင့် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (နယ်စပ်/စည်ပင်)

ထို့အတူ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဇနီး ဒေါ်ကျင်ခိုင်နှင့် ဝန်ထမ်းမိသားစုများသည် ယနေ့ညနေပိုင်းတွင် ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာ၌ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်လာသော ပြည်ထောင်စုနေ့ ကိုယ်စားလှယ် ၁၅ ဦးတို့အား မိသားစုအသွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းဂုဏ်ပြုညစာစားပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၏ ဇနီး ဒေါ်မြချစ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ၎င်းတို့၏ ဇနီးများနှင့် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်လာကြသော ရောဝတီတိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ် ၁၅ဦးတို့ တက်ရောက်ကြသည်။

ညစာစားပွဲအပြီးတွင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဇနီး ဒေါ်ကျင်ခိုင်နှင့် တာဝန်ရှိသူတို့က ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ဂုဏ်ပြုလက်ဆောင်များ အသီးသီး ပေးအပ်ကြသည်။

အလားတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်လာကြသည့် မကွေးတိုင်းမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ယနေ့ညပိုင်းတွင် ဝန်ကြီး၏ နေအိမ်၌ မိသားစုအသွင် ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့အတူ (၅၉) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဇနီး၊ ယင်းတို့၏ မိသားစုများသည် ယနေ့ ညနေပိုင်းတွင် ယင်း၏ နေအိမ်ဖြစ်သော အမှတ်(၈) ရွှေလီလမ်း ကမာရွတ်မြို့နယ်၌ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ် ငါးဦးတို့အား မိသားစုအသွင် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု ဇာတ်လမ်းပမာထုတ်လွှင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၈

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်တွင် ကျရောက်သော (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဇာတ်လမ်းပမာ အစီအစဉ်တွင် သပြေနု၏ ဝတ္ထု/ဇာတ်ညွှန်းကို မြန်မာ့အသံမှ စီစဉ်ထုတ်လွှင့်သည့် **"နှုတ်ခွန်းဆက်သည် ရောဝတီ"** ဇာတ်လမ်းကို ဖေဖော်ဝါရီ ၁၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂ နာရီခွဲနှင့် ဖေဖော်ဝါရီ ၁၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တို့တွင် မြန်မာ့အသံ ရေဒီယိုအစီအစဉ်မှ ထုတ်လွှင့်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

ပသုံးလုံးဝိပဿနာ တရားစခန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၈

ပသုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်က ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ ခုနစ်ရက်တရားစခန်းဖွင့်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူများသည် ဖေဖော်ဝါရီ ၁၈ ရက် ညနေ ၄ နာရီအရောက် ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ်(၂၁) ပသုံးလုံးဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဖုန်း-၃၇၇၇၃၁ သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

အရင်းအနှီးနှင့် အတတ်ပညာရှိသည့် လူ့အရင်းအမြစ်များ၊ တည်ငြိမ်မှုနှင့် အေးချမ်းမှုမြတ်နိုးသည့် နိုင်ငံသားများသည် အရည်အချင်းအရ မြင့်မားရန်လိုအပ်သလို အရေအတွက်အရပါ ပေါများနေရန် လိုအပ်လျက်ရှိ



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ် (၁၁) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

✪ ရွှေဖုံးမှ

မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းပေးလာသည်မှာ ယခုဆိုလျှင် (၁၁)ကြိမ်အထိ ရှိပြီဖြစ်ကြောင်း၊ အသင်းကြီးက ပေးနေသည့် သင်တန်းများသည် မျိုးဆက်သစ်လူငယ်များအား အမိနိုင်ငံတော်ကြီးနှင့် အသင်းကြီးအတွက် အားကိုးအားထားပြုနိုင်သည့် နိုင်ငံ့သားကောင်းများဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးနေခြင်းဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ကြောင်း။

သင်တန်းများ၊ ဆွေးနွေးပွဲများပြုလုပ်ပြီး အသင်းဝင်များအား ယခုကဲ့သို့ လေ့ကျင့်ပျိုးထောင်ပေးနိုင်မှုကြောင့် အသင်းဝင်များ၏ အရည်အသွေးနှင့် အရည်အချင်းသည် အစဉ်အမြဲ တိုးတက်မြင့်မားသည်ထက် မြင့်မားနေမှာဖြစ်ကြောင်း၊ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ထက်မြက်မှု၊ ဗဟုသုတကြွယ်ဝမှုစသည့် ပညာအရည်အသွေးပိုင်းရော၊ အကြောင်းနှင့်အကျိုး ဆင်ခြင်သုံးသပ်မှုနှင့်အတူ စုစည်းခိုင်မာစွာ ရရှိအပ်သည့် ယုံကြည်ချက်၊ ခံယူချက်ဟုခေါ်သည့် စိတ်ပိုင်းဆိုင်ရာ မှန်ကန်ထက်မြက်မှုအပိုင်းပါ ထူးချွန်အားပြည့်လာစေမှာဖြစ်ကြောင်း။

တည်မြဲလျက်ရှိ

ဘာသာရပ်နယ်ပယ်အလိုက် တီထွင်ကြံဆမှုများ၊ ကျွမ်းကျင်ထက်မြက်မှုများနှင့် ဗဟုသုတကြွယ်ဝမှုများကို လူ့လောက အကျိုးစီးပွားအတွက် မှန်မှန်ကန်ကန်၊ ထိထိရောက်ရောက်၊ ဦးတည်ချက်ရှိရှိ အသုံးပြုနိုင်ရေးသည် လူတို့၏ ယုံကြည်ချက်၊ ခံယူချက် အပေါ်တွင် တည်မြဲလျက်ရှိကြောင်း၊ ယုံကြည်ချက်၊ ခံယူချက်လွဲမှားလျှင် လွဲမှားသလို လူ့လောကအတွက် ဆိုးကျိုးများ ပေါ်လာနိုင်မှာဖြစ်ကြောင်း၊ ကျွမ်းကျင်ထက်မြက်မှုနှင့် ယုံကြည်ချက်၊ အချက်အလက်အသိနှင့် ဆင်ခြင်သိတို့ကို မှန်မှန်ကန်ကန် ပေါင်းစပ်နိုင်ရန် လိုအပ်ကြောင်း။

ထို့ကြောင့် အသင်းကြီး၏ သင်တန်းများတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေး လက္ခဏာနှင့် ဂုဏ်အင်္ဂါများအပြင် ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု၏ တန်ဖိုး၊ စည်းလုံးညီညွတ်မှု၏ တန်ဖိုး၊ ပြည်ထောင်စုကြီး၏ တန်ဖိုးတို့ကို အလျဉ်းသင့်သလို ထည့်သွင်းပို့ချဆွေးနွေးနေခြင်းဖြစ်ကြောင်း။

တိုင်းနှင့် ပြည်နယ် ၁၄ခုဖြင့် ပေါင်းစည်းဖြစ်တည်နေသည့် ယနေ့ပြည်ထောင်စုကြီးသည် ရှေးနှစ်ပေါင်း ထောင်ချီသည့် သမိုင်းစဉ်တစ်လျှောက် ရေကြည်ရာမြက်နုရာ ပြောင်းရွှေ့ကာ ခင်ရာမင်ရာ ရောနှောနေထိုင်ကြရင်းရင့်သန်ခိုင်မာစွာ ဖြစ်တည်ခဲ့ခြင်းဖြစ်ကြောင်း၊ အစုအဖွဲ့အလိုက် သီးသီးသန့်သန့်နေထိုင်ကြခြင်းမဟုတ်ဘဲ နယ်မြေဒေသအသီးသီး၌ မျိုးနွယ်စုစုံစွာ ဒွေးရောယှက်တင် ပေါင်းစည်းရင်း ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန်ဖေးမကူညီ ရိုင်းပင်းလျက် ညီညွတ်မျှတစွာ ပေါင်းစည်းနေထိုင်ခဲ့ကြသည့် မြတ်နိုးဖွယ်အစဉ်အလာလည်းဖြစ်ကြောင်း၊ ဤအစဉ်အလာကောင်း၊ ဓလေ့စရိုက်ကောင်း၊ အမွေခံကောင်းများကို နောင်အနာဂတ် သားစဉ်မြေးဆက်တိုင် ထိန်းသိမ်းအမွေပေးကြရေးသည် မျက်မှောက်ခေတ် နိုင်ငံသားတို့၏ သမိုင်းပေးတာဝန်လည်းဖြစ်ကြောင်း။

သိရှိအကဲဖြတ်

မိမိနိုင်ငံ၏ ရှည်လျားလှသည့် သမိုင်းနောက်ကြောင်းအခြေအနေနှင့် အစဉ်အလာကောင်းများကို ကိုလိုနီကျွန်ပြုခံရမှုနှင့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်ပစွက်ဖက်မှုနှင့် ပြည်တွင်းနိုင်ငံရေးအခြေအနေများကို မှန်မှန်ကန်ကန် နားလည်သိရှိရန် လိုသကဲ့သို့ မိမိနိုင်ငံ၏ နိုင်ငံရေးပထဝီအနေအထား၊ သဘာဝရေမြေသယံဇာတ ပိုင်ဆိုင်မှုတို့ကိုလည်း တန်ဖိုးရှိရှိ သိရှိအကဲဖြတ်နိုင်ရမှာ ဖြစ်ကြောင်း။

သို့မှလည်း ယနေ့ နိုင်ငံတော်က ချမှတ်ထားသည့် ဒို့တာဝန်အရေး(၃)ပါး၊ ဦးတည်ချက် (၁၂)ရပ်၊ ပြည်သူ့သဘောထား(၄)ရပ် စသည့် အမျိုးသားရေးမူဝါဒအပေါင်းအစု၏ အဓိပ္ပာယ်ကို အဆက်အစပ်ရှိရှိ နားလည်ခံယူနိုင်စွမ်းရှိမှာဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်၏ လွတ်လပ်ပြီးတက်ကြွသည့် နိုင်ငံခြားရေးမူဝါဒ၏ အနှစ်သာရများကိုလည်း ပိုမိုနားလည်လာနိုင်မှာ ဖြစ်ကြောင်း။

ဤသည်တို့ကို ခြုံငုံနားလည်မှလည်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်တစ်ရပ်ဖြစ်ပေါ်ရေးဆိုသည့် အမျိုးသားရေးရည်မှန်းချက်ကို အောင်မြင်အောင် တက်တက်ကြွကြွထက်ထက်သန်သန် ဝိုင်းဝန်းပံ့ပိုးဖော်နိုင်မှာဖြစ်ကြောင်း။

တစ်သားတည်းနေထိုင်ကျင့်ကြံ

အသင်းကြီး၏ အသင်းဝင်များသည် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ကို ဝိုင်းဝန်းပံ့ဖော် တည်ဆောက်ရာတွင် ရှေ့ဆောင်ရှေ့ရွက်ပြုနိုင်သည့် နိုင်ငံ့သားကောင်းများဖြစ်နေရမှာဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူအကြား ပေါင်းကူးဆက်စပ်ပေးနိုင်သည့် စည်းရုံးရေးမှူးကောင်းများဖြစ်ရမည်၊ အဖျက်အန္တရာယ်ကို တွန်းလှန်ဖယ်ရှားနိုင်သည့် သူရဲကောင်းများဖြစ်ရမည်၊ ပြည်သူများနှင့် တစ်သားတည်း နေထိုင်ကျင့်ကြံနေသည့် ပြည်သူ့သားသမီးကောင်းများ ဖြစ်ရမည်ဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်သည့်သင်တန်းသည် အသင်းကြီး၏ ဤမျှော်မှန်းချက်များကို ဖော်ဆောင်ပေးနိုင်မည့် သင်တန်းတစ်ခုအဖြစ် အလေးအနက်ခံယူပြီး

> **အသင်းကြီး၏ အသင်းဝင်များသည် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ကိုဝိုင်းဝန်းပံ့ဖော် တည်ဆောက်ရာတွင် ရှေ့ဆောင်ရှေ့ရွက်ပြုနိုင်သည့် နိုင်ငံ့သားကောင်းများ ဖြစ်နေရမှာဖြစ်၊**
>
> **နိုင်ငံတော်နှင့် ပြည်သူအကြား ပေါင်းကူးဆက်စပ်ပေးနိုင်သည့် စည်းရုံးရေးမှူးကောင်းများဖြစ်ရမည်၊ အဖျက်အန္တရာယ်ကို တွန်းလှန်ဖယ်ရှားနိုင်သည့် သူရဲကောင်းများ ဖြစ်ရမည်၊ ပြည်သူများနှင့် တစ်သားတည်း နေထိုင်ကျင့်ကြံနေသည့် ပြည်သူ့သားသမီးကောင်းများ ဖြစ်ရမည်ဖြစ်။**

လေ့လာမှတ်သား နာယူစေလိုကြောင်း၊ မောင်တို့မယ်တို့သည် တိုင်းပြည်၏ အနာဂတ်ကို ထူထောင်စောင့်ရှောက်သွားကြမည့် ပုဂ္ဂိုလ်များဖြစ်သည့်အတွက် အရာရာကို မြော်မြင်တွက်ဆအလေးအနက်ထားစေချင်ကြောင်း။

ယနေ့ခေတ်သစ်စနစ်ကို တည်ဆောက်နေသည့်နေရာတွင် လူ့စွမ်းအားအရင်းအမြစ်သည် အဆုံးအဖြတ်ပေးသည့်နေရာ၌ရှိနေကြောင်း၊ အသိပညာရှင်၊ အတတ်ပညာရှင်ဆိုသည့် ပညာတတ်အရင်းအမြစ်များ၊ အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးကို ခွဲခြားနိုင်သည့် အတွေးအခေါ် အယူအဆကောင်းသည့် လူ့အရင်းအမြစ်များ၊ အရင်းအနှီးနှင့် အတတ်ပညာရှိသည့် လူ့အရင်းအမြစ်များ၊ တည်ငြိမ်မှုနှင့် အေးချမ်းမှုကို မြတ်နိုးသည့် နိုင်ငံသားများသည် အရည်အချင်းအရ မြင့်မားနေရန်လိုအပ်သလို အရေအတွက်အရပါ ပေါများနေရန် လိုအပ်လျက်ရှိကြောင်း။

ထို့ကြောင့် နိုင်ငံတော်သည် အမျိုးသားပညာရည်မြင့်မားရေးအစီအစဉ်များ၊ အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေးအစီအစဉ်များကို ဆက်တိုက်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အသင်းကြီး၏စည်းရုံးရေးနှင့် လေ့ကျင့်ရေးအစီအစဉ်များသည်လည်း လူ့အရင်းအမြစ် ပြုစုပျိုးထောင်ရေး အစီအစဉ်များနှင့် တစ်ဆက်တစ်စပ်တည်းပဲဖြစ်ကြောင်း။

ပြုစုပျိုးထောင်နေ

ထို့အတူ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေးစသည့် ကျေးလက်လူမှုစီးပွားရေးဘဝကို မြှင့်တင်သည့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်သည်လည်း ကျေးလက်ဒေသရှိ များမြောင်လှသော လူ့အရင်းအမြစ်များကို အဘက်ဘက်မှ တိုးတက်လာအောင် ပြုစုပျိုးထောင်နေခြင်းပဲ ဖြစ်ကြောင်း။

ဤနေရာတွင် ကျေးလက်ဒေသနှင့်ဆက်နွှယ်ပြီး လုပ်ကိုင်ဆောင်ရွက်နေသည့် ကြက်ဆူပင်စိုက်ပျိုးရေးကိစ္စကို ပြောလိုကြောင်း၊ နိုင်ငံတော်အကြီးအကဲက ကြက်ဆူပင်မှ ဇီဝလောင်စာထုတ်ယူပြီး လယ်ယာသုံး စက်ကိရိယာများ၊ မီးစက်များ၊ ရေစုပ်စက်များ၊ ထော်လာဂျီများကို မောင်းနှင်နိုင်၊ အသုံးပြုနိုင်ပြီဖြစ်သည့်အတွက် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးကို ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုအဖြစ်ခံယူပြီး စိုက်ပျိုးကြရန် မှာကြားလမ်းညွှန်ထားကြောင်း။

အသင်းကြီးကလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖောက်ချဆောင်ရွက်ပြီး ကျေးလက်နေပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်နေသည့်အတွက် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး၊ ဇီဝလောင်စာထုတ်လုပ်အသုံးပြုရေးကို ကျေးရွာအနှံ့ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် လုပ်ကိုင်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေး၊နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ဒေသကြီး(၂၄)ခု ဖွံ့ဖြိုးရေးစသည့် ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များကို အဆက်အစပ်ရှိရှိ ကွက်ပြည့်အကောင်အထည်ဖော်မှုကြောင့် ယနေ့နိုင်ငံတော်အတွင်း၌ ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြို့နိမ့်မြင့်ကွာဟချက်များသည် လျော့နည်းကျဆင်းလာပြီး ဒေသအားလုံးသည် တစ်ပြိုင်တည်းအရှိန်အဟုန်ဖြင့် တိုးတက်လာနေပြီဖြစ်ကြောင်း။

အခြေခံမှုများချမှတ်နေ

စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုရေးတို့အရ ဖွံ့ဖြိုးတိုးတက်လာမှုနှင့် အတူ နိုင်ငံရေးအရ ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းရေးကိုလည်း ယနေ့အကောင်အထည်ဖော်နေပြီဖြစ်သည်ကို အားလုံးအသိပဲဖြစ်ကြောင်း၊ တိုင်းရင်းသားပေါင်းစုံ၊ လူထုလူတန်းစားအလွှာစုံပါရှိသည့် အမျိုးသားညီလာခံကြီးသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်၌ အရေးအကြီးဆုံး သမိုင်းမှတ်တိုင်အဖြစ် ရပ်တည်ပြီး အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့်အခြေခံမှုများကို အောင်အောင်မြင်မြင် ချမှတ်နေပြီဖြစ်ကြောင်း။

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်နားလည်မှုရှိရှိ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်နိုင်မှုကြောင့် နိုင်ငံတော်သည် ဘက်စုံကဏ္ဍစုံမှ တိုးတက်အောင်မြင်မှုများ ရရှိလျက်ရှိကြောင်း၊ နိုင်ငံရေးမျက်နှာစာတွင်လည်း ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းရေးလုပ်ငန်းအစီအစဉ်များသည် နိုင်ငံတော်၏ ပကတိအခြေအနေနှင့် ဆီလျော်ကိုက်ညီသည့်အတွက် မလွဲမသွေအောင်မြင်မှုများ ရရှိမှာဖြစ်ကြောင်း။

အသင်းဝင်များသည်လည်း နိုင်ငံတော်၏ ခေတ်သစ်စနစ်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်များကို ချမှတ်ထားပြီးဖြစ်သည့် ဦးတည်ချက်များနှင့်အညီ အကောင်အထည်ဖော်နိုင်ရန်အတွက် ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ဤကဲ့သို့ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ရာတွင် ခိုင်မာသည့် ယုံကြည်ချက်နှင့်အတူ ကျယ်ပြန့်သည့် အသိအမြင်များကိုအခြေခံပြီး စည်းရုံးလှုပ်ရှားဆောင်ရွက်နိုင်ရန်အတွက် သင်တန်းမှာရော၊ လက်တွေ့မှာပါ အမြဲလေ့လာမှတ်သားဆည်းပူးပြီး မိမိကိုယ်ကိုပြုစုပျိုးထောင်ကြပါဟု မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

သင်တန်းသို့ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား၊ သင်တန်းသူ ၂၁၁ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

မက္ကဆီကိုနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်စိုးမှုကို အမေရိကန်က ထိပါးနှောင့်ယှက်ဟု ကျူးဘားဝေဖန်

ဟာဗားနား ဖေဖော်ဝါရီ ၇

မက္ကဆီကိုစီတီးမြို့တွင်းရှိ ဟိုတယ်တစ်လုံးမှ ကျူးဘား ကိုယ်စားလှယ်တစ်ဖွဲ့ကို မောင်းထုတ်မှုသည် အမေရိကန်အစိုးရက မက္ကဆီကိုနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်စိုးမှုကို ထိပါးခြင်းဖြစ်ကြောင်း ကျူးဘားအစိုးရက တနင်္လာနေ့တွင် ပြောကြားသည်။

ကျူးဘား တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့က ကျူးဘားနှင့် စီးပွားရေးလုပ်ကိုင်လိုသည့် အမေရိကန် စွမ်းအင်ကုမ္ပဏီများနှင့် မက္ကဆီကို စီတီးမြို့ရှိ အမေရိကန်ပိုင် ရှယ်ရီတန်ဟိုတယ်တွင် သောကြာနေ့က ဆွေးနွေးကြသည်ဟု ကျူးဘား ဂရမ်မာသတင်းစာက ရေးသားသည်။

ရေးသား

အဆိုပါ ကျူးဘားကိုယ်စားလှယ်အဖွဲ့ကို ဟိုတယ်မှ ထွက်ခွာရန် ဟိုတယ်အုပ်ချုပ်ရေးပိုင်းက အမိန့် ထုတ်ပြန်ခဲ့ပြီး အစည်းအဝေး ကျင်းပရန်အတွက် အခြားဟိုတယ်သို့ ပြောင်းရွှေ့စေခဲ့သည်ဟုသတင်းစာက ရေးသားခဲ့သည်။

သောကြာနေ့က ဖြစ်ရပ်သည် အမေရိကန်တို့ကဥပဒေ၏ သဘောသဘာဝကို နှောင့်ယှက်ခြင်း ဖြစ်သည်ဟု အဆိုပါ သတင်းစာက ရေးသားသည်။

ကျူးဘားနှင့် သက်ဆိုင်သည့် အမေရိကန်၏ မူဝါဒသည် အချုပ်အခြာအာဏာနှင့် အခြားနိုင်ငံများ၏ ဥပဒေကို ထိခိုက်ပျက်စီးစေသည်ဟု ယင်း သတင်းစာက ဆက်လက်ရေးသားသည်။

မက္ကဆီကို နိုင်ငံခြားရေးဌာနက ဥပဒေချိုးဖောက်ဖွယ်ရှိသည့် ယင်းကိစ္စအပေါ် စုံစမ်းစစ်ဆေးမည်ဟု ပြောကြားသည်။

လိုက်နာကျင့်သုံး

ယင်းကိစ္စသည် အမေရိကန် အစိုးရ၏ ဟမ်စ်ဘာတွန်ဥပဒေအရ လိုက်နာကျင့်သုံး၍ ယင်းသို့ ဖြစ်ရသည်ဟုဆိုသည်။ အဆိုပါ ဟိုတယ်ကို ဒဏ်တပ်မည်ဟု နိုင်ငံခြားရေးဝန်ကြီး ဒါဘက်ဇ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ မိုဆူးလ်ဒေသတွင် အမေရိကန် ဘလက်ဟော့ခ် ရဟတ်ယာဉ်များ ကင်းလှည့်ပျံသန်းနေသည်ကို ဖေဖော်ဝါရီ ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆေးခြောက် လေးတန် ပါရာဂွေး၌ သိမ်းဆည်းရမိ

ဗျူနိုစ်အေးရိစ် ဖေဖော်ဝါရီ ၇

ပါရာဂွေးနိုင်ငံ ရဲတပ်ဖွဲ့သည် ဘရာဇီးနိုင်ငံနယ်စပ်ဒေသတွင် စစ်ဆင်ရေးနှစ်ရပ်ဆင်နွှဲကာ ဆေးခြောက်လေးတန်ကို သိမ်းဆည်းရမိလိုက်ကြောင်း ပါရာဂွေးနိုင်ငံမှမီဒီယာများက တနင်္လာနေ့တွင်ဖော်ပြသည်။ ပါရာဂွေးနိုင်ငံမြို့တော် အဆန်းရှင်း၏ အရှေ့မြောက်ဘက်ကီလိုမီတာ၅၅၀အကွာရှိ ပက်ဒရိုဂျွန်ကာဘယ်လီရိုဒေသ အနီးမွေးမြူရေးခြံကို ရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်းတိုက်ခိုက်ရာဆေးခြောက်သုံးတန်ကျော်သိမ်းဆည်းရမိလိုက်ပြီး ပါရာဂွေးနိုင်ငံသားနှစ်ဦးကိုလည်း ဖမ်းဆီးလိုက်ကြောင်းရဲတပ်ဖွဲ့၏ ပြောကြားချက်ကို ကိုးကားလျက် ပါရာဂွေးမီဒီယာများက ဖော်ပြသည်။

ဘရာဇီးနိုင်ငံနယ်စပ်ပါရာနာမြစ်ကမ်းပေါ်ရှိ နေရာတစ်နေရာကို ရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်းရှာဖွေရာ ဆေးခြောက်တစ်တန်သိမ်းဆည်းရမိပြီး လူလေးဦးကိုလည်း ဖမ်းဆီးလိုက်သည်။ အဆိုပါဆေးခြောက်များမှာ ဘရာဇီးနိုင်ငံ ဈေးကွက်သို့ သယ်ယူရန် ရည်ရွယ်ထားကြောင်းသိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရန်၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ဆွေးနွေးရန်အခွင့်အလမ်းများရှိဆဲဟု ပြင်သစ်ပြောကြား

ပါရီ ဖေဖော်ဝါရီ ၇

နိုင်ငံတကာအသိုက်အဝန်းသည် အီရန်၏နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ထိပ်တိုက်ရင်ဆိုင်ရန်ကြိုးပမ်းနေခြင်းမရှိကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဖိလစ်ဒူစတီဘလေဇီက တနင်္လာနေ့တွင် ပြောကြားပြီး အီရန်နှင့်စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်နိုင်သည့် အခွင့်အလမ်းများ ရှိနေဆဲဖြစ်ကြောင်း မှတ်ချက်ချပြောကြားလိုက်သည်။

ဆုံးဖြတ်

အီရန်သည်နျူကလီးယားလက်နက်များ ထုတ်လုပ်ဖွယ်ရှိကြောင်း ကုလသမဂ္ဂ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)က ဆုံးဖြတ်လိုက်ပြီးနောက်တစ်နေ့တွင် အီရန်နိုင်ငံက ၎င်းနိုင်ငံရှိ နျူကလီးယားလုပ်ငန်းရှိနေရာများသို့ အိုင်အေအီးအေက ရှောင်တခင်ဝင် ရောက်စစ်ဆေးခြင်းကို လက်ခံမည် မဟုတ်ကြောင်း ပြောကြားခဲ့ပြီး ယူရေနီယံသန့်စင်မှု လုပ်ငန်းဆက်လက်ဆောင်ရွက်မည်ဟု တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

တိုက်တွန်း

ပြင်သစ် နိုင်ငံခြားရေးဝန်ကြီး ဘလေဇီက အီရန်နိုင်ငံကို နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းထားသည်။

နျူကလီးယားကိစ္စနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးရန် အချိန်ရှိသေးကြောင်း၊ သို့ရာတွင် နျူကလီးယားထုတ်လုပ်မှုကိစ္စရပ်များကို ရပ်ဆိုင်းထားပါဟု ၎င်းက ပြင်သစ်ရေဒီယို အသံလွှင့်ဌာနသို့ ပြောကြားသည်။

နိုင်ငံတကာမိသားစု၏ ရည်မှန်းချက်သည်ပြစ်ဒဏ်ခတ်ရန်မဟုတ်ဟု ပြည်သူများနားလည်စေရန် ဆောင်ကြဉ်းပေးရမည်ဖြစ်ကြောင်း၊ မိမိတို့က ထိပ်တိုက်ရင်ဆိုင်မှုကို ကြံဆနေခြင်း မဟုတ်ဘဲ အီရန်နှင့်ညှိနှိုင်း ဆွေးနွေးသည့်လမ်းကိုသာရှာဖွေနေခြင်းဖြစ်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ)က အီရန်ကိစ္စကိုလုံခြုံရေးကောင်စီသို့တင်ပြရန် စနေနေ့က မဲပေးဆုံးဖြတ်ခဲ့သည်။ သို့ရာတွင် အိုင်အေအီးအေကမတ်လအတွင်းအစီရင်ခံစာ မထုတ်ပြန်သေးမီအချိန်အထိအီရန်ကိစ္စကိုအရေးစိုက်ဦးမည်မဟုတ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကနေဒါနိုင်ငံဒေသများ၌ နှင်းများ ထူထပ်စွာကျရောက် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု ဖြစ်ပေါ်

အော့တဝါ ဖေဖော်ဝါရီ ၇

ကနေဒါနိုင်ငံ အနောက်တောင်ပိုင်းနှင့် အလယ်ပိုင်းပြည်နယ်တို့တွင် လေပြင်းနှင့် နှင်းများသိပ်သည်း ထူထပ်စွာကျရောက်ခဲ့မှုကြောင့် လျှပ်စစ်ဓာတ်အားပေးကြိုးများ ပြတ်ကျခဲ့ရာ အွန်တာရီယိုဒေသရှိ လူ ၁၀၀၀၀၀ ခန့်မှာ တနင်္ဂနွေနေ့က လျှပ်စစ်ဓာတ်အားမရရှိဘဲနေထိုင်ခဲ့ကြရသည်။

ဒေသအများအပြားတွင် ဆဲလ်စီးယပ်စ်လေးဒီဂရီခန့်အထိ အပူချိန်ကျဆင်းခဲ့သည်။ လူအချို့သည် စနေနေ့ နှောင်းပိုင်းအထိ လျှပ်စစ်ဓာတ်အား မရရှိခဲ့ဟု ကနေဒါအသံလွှင့်ကော်ပိုရေးရှင်းက သတင်းထုတ်ပြန်သည်။

လျှပ်စစ်ဓာတ်အားပေးဌာနမှအဖွဲ့များက လျှပ်စစ်ဓာတ်အားပြန်လည်ရရှိစေရန် ကြိုးပမ်းနေကြောင်း ရေအားလျှပ်စစ်ဌာနမှ တာဝန်ရှိပုဂ္ဂိုလ် အယ်လ်-မန်ချီက ပြောကြားသည်။

လျှပ်စစ်ဓာတ်အားပြတ်တောက်ရခြင်းသည် စနေနေ့က လေပြင်းကျကာ နှင်းများ ထူထပ်စွာကျဆင်းခဲ့မှုကြောင့် သစ်ပင်များပြိုလဲပြီး အနောက်တောင်ပိုင်းနှင့် အလယ်ပိုင်းပြည်နယ်တို့တွင် ဓာတ်အားပေးလိုင်းကြိုးများ ပြတ်ကျကုန်၍ဖြစ်ကြောင်း ရေအားလျှပ်စစ်ဌာနက ပြောကြားသည်။

ဗြိတိသျှကိုလံဘီယာပြည်နယ်မှ လူ ၅၀၀၀၀ သည်လည်း လေမုန်တိုင်းဒဏ်ခံခဲ့ရပြီး ဓာတ်အားပေးကြိုး များပြတ်ကာ အိမ်အတွင်းရေများဝင်လာသဖြင့် စနေနေ့နောက်ပိုင်းတွင် လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ခြင်း မရှိခဲ့ပေ။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားတွင် မြန်နှုန်းမြင့် ရထားပြေးဆွဲရန် စီစဉ် ရထားလမ်းများ ဖောက်လုပ်ရန် ဆောင်ရွက်

ဂျကာတာ ဖေဖော်ဝါရီ ၇

အင်ဒိုနီးရှားနိုင်ငံ၏ လူဦးရေ သိပ်သည်းများပြားသော ဂျာဗားကျွန်း၌ မြန်နှုန်းမြင့်ရထား ပြေးဆွဲရန်အတွက် ရထားလမ်းဖောက်လုပ်ရန် အင်ဒိုနီးရှားအစိုးရက စီစဉ်ဆောင်ရွက်လျက်ရှိသည်ဟု ဖေဖော်ဝါရီ ၆ ရက်တွင် သတင်းတစ်ရပ်၌ ရေးသားဖော်ပြခဲ့သည်။

အဆိုပါရထားလမ်း ဖောက်လုပ်မှုတွင် ပါဝင်ရန် တရုတ်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံသူများက သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနသို့ အဆိုပြုချက်များ တင်ပြထားကြောင်း ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ ပြောကြားချက်ကိုကိုးကား၍အင်ဒိုနီးရှား ဘစ်နက်စ် သတင်းစာက ဖော်ပြထားသည်။ ဂျကာတာမြို့နှင့် ဆက်နွယ်လျက်ရှိသော ဂျာဗားကျွန်း အနောက်ဘက် ဘန်ဒေါင်းမြို့နှင့် ဂျာဗားကျွန်း အရှေ့ဘက် ဆူရာဘာရာမြို့တို့ကို ဆက်သွယ်ဖောက်လုပ်ရန် စီစဉ်ထားသည်။

ရထားလုပ်ငန်း ဝန်ကြီးဌာန၏ ၂၀၀၅-၂၀၀၆ ခုနှစ်တွင်အဆိုပါ ရထားလမ်း ဖောက်လုပ်မှုသည် မဟာစီမံကိန်းတစ်ရပ်အဖြစ်ပါဝင်ပြီး ဂျာဗားကျွန်းတွင် မြန်နှုန်းမြင့်ရထားပြေးဆွဲရေးသည် ဦးစားပေးလုပ်ငန်းရပ် ဖြစ်သည်ဟု ရထားလုပ်ငန်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးဆိုမိနို့အီကိုဆာပူထရိုကပြောကြားခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံတွင် လူဦးရေသန်း ၂၂၀ ကျော်ရှိရာ ဂျာဗားကျွန်း၌ နေထိုင်သူသည် ၆၀ ရာခိုင်နှုန်းရှိသည်။

ရထားလုပ်ငန်းတွင် ပုဂ္ဂလိကကဏ္ဍပါဝင်ခွင့်ပြုမည်ဆိုပါက ရထားလုပ်ငန်း၏ ပြဋ္ဌာန်းထားသော နည်းဥပဒေကို ပြန်လည်ပြင်ဆင်ရန် လိုအပ်ကြောင်း အစိုးရဌာနက ပြောကြားခဲ့သည်။

ဂျကာတာမြို့နှင့် ဘန်ဒေါင်းမြို့ကြား ရထားလမ်း ဖောက်လုပ်မှုအပိုင်းကို တရုတ်ရင်းနှီး မြှုပ်နှံလုပ်ကိုင်သူများက ရင်းနှီးမြှုပ်နှံရန် စိတ်အားထက်သန်ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီး ဟာတာရက်ဒ်ဂျာဆာက ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အီရတ်နိုင်ငံ ကာဗီမီယာဒေသတွင် လမ်းသွားလမ်းလာများအား ရှာဖွေစစ်ဆေးနေသော အပေါင်းပါ တပ်ဖွဲ့ဝင်များကို ဖေဖော်ဝါရီ ၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဝူဟန်မြို့၌ ဆီးနှင်းများကျရောက် လေဆိပ်ပိတ်၍ ခရီးစဉ်ရပ်ဆိုင်းရ

ဝူဟန် ဖေဖော်ဝါရီ ၇

တရုတ်နိုင်ငံ အလယ်ပိုင်း ဟူဘေးပြည်နယ် ဝူဟန်မြို့တွင် ဆီးနှင်းများ ထူထပ်စွာကျရောက်မှုကြောင့် ထိုမြို့ရှိ လေဆိပ်ကို ဖေဖော်ဝါရီလ ၅ ရက် နံနက်ပိုင်းတွင် လေးနာရီခန့် ခရီးစဉ်များရပ်တန့်ထားခဲ့ရကြောင်းလေကြောင်း ထိန်းသိမ်းရေးဌာနက ထုတ်ပြန်ခဲ့သည်။

ဝူဟန်မြို့တွင် ဖေဖော်ဝါရီ ၅ ရက် ညပိုင်းမှစတင်၍ ဆီးနှင်းများ ကျရောက်ခဲ့ပြီး နောက်တစ်နေ့ နံနက် စောစောပိုင်းတွင် ဆီးနှင်းများပိုမိုထူထပ်စွာ ကျရောက်ခဲ့ခြင်းဖြစ်သည်။ ထိုအချိန်တွင် ယင်းဒေသ၏ အပူချိန်သည် သုညဆဲလ်စီးယပ်စ်အောက်တစ်ဒီဂရီကျဆင်းခဲ့သည်။ ဝူဟန်မြို့ တီအန်ဘီလေဆိပ်တွင် နံနက် ၁၁ နာရီ ၃၀ မိနစ်ထိ လေယာဉ်ခရီးစဉ်အားလုံးကို ရပ်ဆိုင်းခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ဖြန့်ဖြူးရန်ရည်ရွယ် တရုတ်အနောက်ပိုင်းပြည်နယ် ၁၄ ခု၌ ပညာပေးကွန်ရက်ထူထောင်

ပေကျင်း ဖေဖော်ဝါရီ ၇

တရုတ်နိုင်ငံအနောက်ပိုင်းရှိ ပြည်နယ်ပေါင်း ၁၄ ခုတို့တွင် ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို ဖြန့်ဖြူးနိုင်ရန် ရည်ရွယ်၍ စိုက်ပျိုးရေးသတင်းအချက်အလက် ပညာပေးကွန်ရက်တစ်ခုကို ထူထောင်ထားရှိကြောင်း ပြန်ကြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၄ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

အဆိုပါ စိုက်ပျိုးရေး သတင်းအချက်အလက်ပညာပေး ကွန်ရက်သည် တရုတ်နိုင်ငံ အမျိုးသားစိုက်ပျိုးရေး သတင်းဖြန့်ချိရေး ကွန်ရက်ကြီး၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။ ထိုအမျိုးသား စိုက်ပျိုးရေး သတင်းဖြန့်ချိရေး ကွန်ရက်ကြီးမှာ ယခုအခါ ထူထောင်နေဆဲကာလ၌ပင်ရှိသေးသည်။ ထိုခေတ်မီသတင်းကွန်ရက်ကြောင့် နိုင်ငံအနောက်ပိုင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှု တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံအရှေ့ခြမ်းနှင့် ဖွံ့ဖြိုးမှုကွာဟချက်လည်း ကျဉ်းမြောင်းလာမည်ဟု ဆိုသည်။

စီချွမ်ပြည်နယ်ရှိ မြို့ပေါင်း ၁၀၀၀ ကျော်တို့တွင် အင်တာနက်စိုက်ပျိုးရေး ဆက်သွယ်မှု စနစ်ကို တပ်ဆင်ထားပြီးဖြစ်ရာ ထိုစနစ်ကြောင့် မြေဟက်တာ ၃၃၀၀၀၀တွင် စိုက်ပျိုးမည့် အထွက်ကောင်းမျိုး စိုက်ပျိုးသူတောင်သူလယ်သမားများကို အထောက်အကူပြုမည်ဖြစ်သည်ဟု ပြန်ကြားရေးဝန်ကြီးဌာနကဆိုသည်။ ယခု သတင်းနည်းပညာစနစ်က အကျိုးပြုသဖြင့် ဒေသခံလယ်သမားများအတွက် ယွမ်ငွေသန်း ၈၀ အပိုဝင်ငွေ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

လတ်တလော အခြေအနေတွင် တရုတ်နိုင်ငံတစ်ဝန်း၌ စိုက်ပျိုးရေး သတင်းနည်းပညာ အချက်အလက် ဖြန့်ဖြူးရေးစီမံချက်ပေါင်း ၂၀၀ ခန့်ကို အကောင်အထည်ဖော်ခဲ့ပြီးဖြစ်၍ အင်တာနက်က ဆက်သွယ်ရေး၏ အကျိုးဆက်များရရှိလာမည် ဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်ရဲတပ်ဖွဲ့ဌာနချုပ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လုံခြုံရေးဆောင် ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်များကို ဖေဖော်ဝါရီ ၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဗီယက်နမ်မြောက်ပိုင်းရှိ စိုက်ပျိုးမြေ ၄၅ရာခိုင်နှုန်းကျော် စိုက်ပျိုးရေ မလုံလောက်မှုနှင့် ကြုံတွေ့နေရဟုဆို

ဟနွိုင် ဖေဖော်ဝါရီ ၇

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းဒေသရှိ စိုက်ပျိုးမြေ ၄၅ ရာခိုင်နှုန်းကျော်သည် စိုက်ပျိုးရေမလုံလောက်မှု ပြဿနာနှင့် ကြုံတွေ့နေရကြောင်း ပြည်နယ်စိုက်ပျိုးရေးအေဂျင်စီမှ ပြောကြားချက်ကို ကိုးကား၍ ဒေသဆိုင်ရာသတင်းဌာနက ဖေဖော်ဝါရီ ၆ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါ ဒေသတွင် စိုက်ပျိုးမြေဟက်တာ ၆၆၄၀၀၀ ကျော်ရှိရာ ဟက်တာ ၃၀၀၀၀၀ ခန့်သည် စိုက်ပျိုးရေမလုံလောက်မှုပြဿနာနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ မကြာမီရက်သတ္တပတ်များတွင် ထိုစိုက်ပျိုးမြေများတွင် သီးနှံပင်များ စတင်စိုက်ပျိုးရန် အချိန်နီးကပ်နေပြီကြောင်း ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဝန်ကြီးဌာနအောက်ရှိ ဆည်မြောင်းဌာနမှ ပြောကြားချက်ကို ကိုးကား၍ လူငယ်သတင်းစာတွင် ရေးသားဖော်ပြထားသည်။

အဆိုပါဒေသ၏ အဓိကရေရယူသုံးစွဲသော မြစ်နီမြစ်၏ ရေမျက်နှာပြင်အမြင့်သည် ဟန္နိုင်မြို့အနီးတွင် ယခုအခါ ၁ ဒသမ ၆ မီတာခန့်သာရှိတော့ကြောင်း၊ နှစ်ပေါင်း ၁၀၀ ကျော်အတွင်း၌ အနိမ့်ဆုံးမြစ်ရေချိန်အမှတ်ဖြစ်ကြောင်း ဆည်မြောင်းဌာနကဆိုသည်။

ရေအားလျှပ်စစ်အတွက် ရေလှောင်ထားရှိသောဆည်များမှ ရေများကို ပိုမိုထုတ်လွှတ်ပေးရန် ဒေသဆိုင်ရာလျှပ်စစ်လုပ်ငန်းဌာနကို အစိုးရက ညွှန်ကြားချက်ထုတ်ပြန်ပေးရန် ဆည်မြောင်းဝန်ကြီးဌာနက တောင်းဆိုထားသည်။ စပါးစိုက် လယ်မြေများတွင် ရေရှားပါးမှုပြဿနာများနှင့် ကြုံတွေ့ရသည့်အတွက် အခြားကောက်ပဲသီးနှံပြောင်းလဲစိုက်ပျိုးရန်လည်း အကြံပြုထားကြောင်းသိရသည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်၌ ကောက်ပဲသီးနှံ တန်ချိန် ၃၈ သန်းမှ ၃၉ သန်းထိ ထွက်ရှိပြီး တန်ချိန် ၄ သန်းမှ ၄ ဒသမ ၂ သန်းကို ပြည်ပသို့ တင်ပို့ရောင်းချရန် ရည်မှန်းထားကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာန၏ စီမံကိန်းဌာနက ခန့်မှန်းထားသည်။ ဇန်နဝါရီလတွင် ဆန်တန်ချိန် ၂၀၀၀၀၀ ကို ပြည်ပသို့တင်ပို့ခဲ့ရာမှ အမေရိကန်ဒေါ်လာ သန်း ၅၀ ရရှိခဲ့သည်။ ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ၁၉ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဝင်ငွေအားဖြင့် ၂၁ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် ဆန်တန်ချိန် ၅ ဒသမ ၂ သန်းကျော် တင်ပို့နိုင်ခဲ့ရာ စုစုပေါင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ဒသမ ၄ ဘီလီယံ ရရှိခဲ့သည်။ ၂၀၀၄ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ၂၇ ဒသမ ၃ ရာခိုင်နှုန်းနှင့် ဝင်ငွေအားဖြင့် ၄၇ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီဂျစ်ကူးတို့သင်္ဘောမှ အသက်မသေကျန်ရစ်သူ ၃၈၈ ဦးကို ကယ်ဆယ်နိုင်ခဲ့

ကိုင်ရို ဖေဖော်ဝါရီ ၇

လူ ၁၄၀၀ ကျော် တင်ဆောင်လာသည့်အီဂျစ်ကူးတို့သင်္ဘောတစ်စင်းသည် ပင်လယ်နီအတွင်း သောကြာနေ့က နစ်မြုပ်ခဲ့ပြီးနောက် အသက်မသေကျန်ရစ်သူ ၃၈၈ ဦးကို ကယ်ဆယ်သူများက ရှာဖွေတွေ့ရှိကြောင်း ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူး အယ်လ်-ရာရှစ်ဒီကို ကိုးကား၍ အမ်အီးအင်အေသတင်းဌာနက ဖော်ပြသည်။

ကယ်ဆယ်ရေး လုပ်ငန်းများကို စတုတ္ထနေ့အဖြစ် ဆက်လက်ဆောင်ရွက်ရာတွင် အလောင်း ၂၀၀ ကျော်တွေ့ရှိထားပြီး လူ ၈၀၀ ခန့်မှာ ယခုထက်တိုင် ပျောက်ဆုံးနေဆဲရှိသည်။

သေဆုံးသူနှင့် ဒဏ်ရာရသူများ၏ ဆွေမျိုးသားချင်းများ ရာချီ၍ ဆာဖာဂါဆိပ်ကမ်းသို့ တနင်္လာနေ့ကလာရောက်ကြပြီး သက်ဆိုင်သူများ၏ သတင်းကို စုံစမ်းလျက်ရှိသည်။ ယင်းဆိပ်ကမ်းသည် ကူးတို့သင်္ဘောကပ်မည့် ဆိပ်ကမ်းဖြစ်သည်ဟုဆင်ဟွာသတင်းထောက်က ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာသတင်းများ

ဆစ်ဒနီအနီး ပင်လယ်၌ ရေကူးပြိုင်ပွဲကျင်းပစဉ် ငါးမန်းရောက်လာသဖြင့် ပြိုင်ပွဲရပ်တန့်ခဲ့ရ

ဆစ်ဒနီ ဖေဖော်ဝါရီ ၇

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့အနီး ပင်လယ်ပြင်၌ ရေကူးပြိုင်ပွဲကျင်းပရာ နေရာသို့ အရှည် ၃ဒသမ၅ မီတာခန့်ရှိသော ငါးမန်းတစ်ကောင် ရောက်ရှိလာသည့်အတွက်ကြောင့် ရေကူးပြိုင်ပွဲဝင်များကို အမြန်သွားရောက် ခေါ်ယူကာ ပြိုင်ပွဲကိုလည်း ရပ်တန့်ခဲ့သည်။

၁၀ ကီလိုမီတာ အကွာအဝေးရှိ လီကလပ်ဆစ် ပင်လယ်ပြင် ရေကူးပြိုင်ပွဲကို ဖေဖော်ဝါရီ ၅ ရက်တွင် ကျင်းပခဲ့သည်။ ထိုရေကူးပြိုင်ပွဲ ကျင်းပနေစဉ် ပွဲစဉ်တစ်ဝက်အရောက်၌ ငါးမန်းတစ်ကောင် ရုတ်တရက်ပေါ်လာခဲ့သည့်အတွက် ယခုကဲ့သို့ ပြိုင်ပွဲကိုရပ်လိုက်ရခြင်းဖြစ်သည်ဟု ဒေသဆိုင်ရာ သတင်းစာက ဖေဖော်ဝါရီ ၆ရက်တွင် ရေးသားဖော်ပြခဲ့သည်။ အဆိုပါ ရေကူးပြိုင်ပွဲသည် ဆစ်ဒနီဆိပ်ကမ်းမှတာထွက်ပြီး အဆိုပါမြို့မြောက်ဘက် မန်လီကမ်းခြေတွင် ပန်းဝင်ရန်ဖြစ်သည်။

ရေကူးပြိုင်ပွဲဝင်များသည် ဆိပ်ကမ်းမှ ထွက်ခွာရာနောက်မှ လိုက်လာသော ကယ်ဆယ်ရေးလှေများက ၎င်းတို့ကို ဆွဲတင်ခဲ့ကြရသည်။ တာဝန်ရှိသူများက ရေပြင်စီး ဆိုက်ကယ်များနှင့်လည်း ငါးမန်းကို ပင်လယ်ထဲသို့ ခြောက်လန့်မောင်းထုတ်ခဲ့ကြသည်။

အဆိုပါ ရေကူးပြိုင်ပွဲကို ချက်ချင်း ရပ်ဆိုင်းခဲ့သည်။ သို့သော် မန်လီကမ်းခြေတွင် အပျော်တမ်းရေကူးသမားများ၏ တာတိုပြိုင်ပွဲကိုမူ ဆက်လက်ကျင်းပပြုလုပ်ခဲ့သည်။

ဩစတြေးလျတွင် မကြာသေးမီလများအတွင်းက ငါးမန်း တိုက်ခိုက်ခံရမှုများ ဖြစ်ပွားခဲ့သည်။

ဇန်နဝါရီလတွင် ဩစတြေးလျနိုင်ငံ အနောက်ဘက် ပါ့သ်မြို့ပင်လယ်တွင် ငါးမန်းကြီးတစ်ကောင်နှင့် ရေငုပ်သမားတစ်ဦးတို့ တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေငုပ်သမားသည် မြှားသေနတ်ဖြင့် ခုခံတိုက်ခိုက်ခဲ့သဖြင့် အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။

ဩစတြေးလျနိုင်ငံ အရှေ့မြောက် ကမ်းခြေကျွန်း၌ ဇန်နဝါရီလကလည်း အသက် (၂၁)နှစ်အရွယ် အမျိုးသမီးတစ်ဦးမှာ ငါးမန်းသုံးကောင်၏ တိုက်ခိုက်ခံရမှုဖြစ်ခဲ့သည်။ သူမ၏ လက်နှစ်ဖက်သည် ငါးမန်းကိုက်ခံရပြီး ခြေထောက်နှင့် ခန္ဓာကိုယ်အထက်ပိုင်းတွင် ဒဏ်ရာရရှိကာ အသက်ဆုံးရှုံးသွားခဲ့သည်။

ငါးမန်းကိုက်ခံရသူ

၁၇၉၁ခုနှစ်တွင် ဩစတြေးလျ၌ ငါးမန်းကိုက်ခံရမှု ပထမဆုံးဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းတင်ထားသည်။ ၂၀၀၆ ခုနှစ် ဇန်နဝါရီလတွင် ဩစတြေးလျ၌ ငါးမန်းကိုက်ခံရသူ စုစုပေါင်း ၆၅၉ရှိပြီး ၁၉၃ဦးသေဆုံးခဲ့သည်ဟုမှတ်တမ်းများအရ သိရှိရသည်။

အမ်အင်အေ၊ရိုက်တာ။

အကြမ်းဖက်ကင်းရှင်းရေးအစီအစဉ် ဆောင်ရွက်မှု မရှိခဲ့သဖြင့် လူ ၇၄ ဦး သေဆုံးသော တိုးဝှေ့မှုဖြစ်ပေါ်ခဲ့ရဟုဆို

မနီလာ ဖေဖော်ဝါရီ ၇

ဖိလစ်ပိုင်နိုင်ငံ၏ မြို့တော်မနီလာ အရှေ့ဘက်ရှိ အားကစားကွင်းအပြင်ဘက်တွင် စနေနေ့က အစုအပြုံလိုက်တိုးဝှေ့မှုကြောင့် လူ ၇၄ ဦး သေဆုံးခဲ့ရသည်။ အားကစားပွဲဖြစ်မြောက်စေရန် ကြီးမှူးလှုံ့ဆော်သည့် အေဘီအက်စ်-စီဘီအင် ရုပ်မြင်သံကြားသည် လုံလောက်သည့် လုံခြုံရေးအစီအစဉ်များ ဖော်ဆောင်ရန်ပျက်ကွက်ခဲ့ပြီး အကြမ်းဖက်ကင်းရှင်းရေးဆိုင်ရာ ကြိုတင်ကာကွယ်မှုအစီအစဉ်ကို ချမှတ်မှုမရှိခဲ့ကြောင်း အစိုးရဌာနမှ စုံစမ်းရေးမှူးများက တနင်္ဂနွေနေ့တွင် စွပ်စွဲပြောကြားသည်။

မေးမြန်း

ပြည်ထဲရေး ဒုတိယဝန်ကြီးမာရီယပ်စ်ကော်ပတ်စ်နှင့် အခြားစုံစမ်းရေးမှူးများသည် အေဘီအက်စ်-စီဘီအင် ရုပ်မြင်သံကြားဌာန၏ လုံခြုံရေးအရာရှိအကြီးအကဲဖြစ်သူ လီနီရပ်စ်ပိုအနေဖြင့် ရဲတပ်ဖွဲ့နှင့် ဘေးအန္တရာယ်ထိန်းချုပ်ရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည့်ပြည့်ဝဝ ညှိနှိုင်းဆောင်ရွက်မှု ရှိ၊ မရှိ မေးမြန်းသည်။

ယင်းသို့ ရုတ်ရုတ်သဲသဲဖြစ်ခဲ့မှုကြောင့် သက်ကြီးရွယ်အို အများစုဖြစ်သည့် လူ ၇၄ ဦး သေဆုံးခဲ့ပြီး လူ ၅၀၀ ဒဏ်ရာရရှိခဲ့သည်။ လူ ၂၅၀၀၀ရှိ ပရိသတ်က အားကစားကွင်း ဝင်ပေါက်ကျဉ်းကျဉ်းကလေးမှ စုပြုံတိုးပြီး ဝင်ရောက်ခဲ့ကြခြင်းဖြစ်သည်။

ဖိလစ်ပိုင်သမ္မတ အာရိုယိုက စုံစမ်းစစ်ဆေးရေး အစီရင်ခံစာကို သုံးရက်အတွင်းတင်ပြရန် အမိန့်ထုတ်ပြန်ထားပြီး ယင်းဘေးအန္တရာယ်နှင့် ပတ်သက်၍ တာဝန်ရှိသူများကို ပြစ်ဒဏ်ပေးမည်ဟု ထိခိုက်သေဆုံးသူများ၏ မိသားစုများကို ကတိကဝတ်ပေးထားသည်။

ယင်းသို့ ရုတ်ရုတ်သဲသဲဖြစ်ရပ်ပေါ်ပေါက်ခဲ့ပြီးနောက် ပြိုင်ပွဲအစီအစဉ်ကို ဖျက်သိမ်းလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားဒေသတွင် ကျင်းပသည့် ရိုးရာကောက်ရိတ်သိမ်းပွဲ၌ ပါဝင်ခဲ့သူ ဒေသခံများကို ဖေဖော်ဝါရီ ၅ရက်က တွေ့ရစဉ်။*(ဓာတ်ပုံ-အင်တာနက်)*

၂၀၀၆ခုနှစ်(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး

☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး

☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး

☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး

☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက်	-	၈-၂-၂၀၀၆ မှ ၁၆-၂-၂၀၀၆
အချိန်	-	နံနက် ၀၉း၀၀ နာရီမှ ညနေ ၁၇း၀၀နာရီ
နေရာ	-	တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

(မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ပါသည်)

မောင်းထောင့်စေတီ အုတ်မြစ်စီမင်္ဂလာကျင်းပမည်

ရန်ကုန်　　ဖေဖော်ဝါရီ　　၈

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ တန်းလွဲချောင်း၊ ရွာမကျေးရွာအနီးရှိ မောင်းထောင့်တောင်ပေါ်တွင် ဉာဏ်တော် ၂၄ တောင်ရှိ စေတီတော်ကို အသစ်ပြန်လည် တည်ထားရန်အတွက် မြေသန့်မင်္ဂလာကို ၁၃၆၇ ခုနှစ် တပို့တွဲလဆန်း ၇ ရက်တွင် ပြုလုပ်ခဲ့ပြီး အုတ်မြစ်စီ မင်္ဂလာကို တပို့တွဲလဆန်း ၁၄ ရက် (၁၁-၂-၂၀၀၆) ရက်တွင် ရွာမကျောင်းဆရာတော် ဘဒ္ဒန္တ ကောဝိဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များနှင့် တပည့်ဒါယကာများက ဦးစီးကျင်းပမည်ဖြစ်သည်။ ကိုယ်တိုင်ပါဝင်ကြည်ညိုနိုင်ရန်နှင့် အလှူငွေများကို ရွာမဆရာတော် ဘဒ္ဒန္တကောဝိဒနှင့် ဂေါပကအဖွဲ့ထံသို့လည်းကောင်း၊ ရွှေပြည်သာမြို့၊ အောင်ဆန်းတောရပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ သုဇာတ (အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ) ဖုန်း-၆၁၀၀၅၇ ထံသို့ လည်းကောင်း ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်အရှေ့ပိုင်းခရိုင် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြခန်းများနှင့် ပျော်ပွဲရွှင်ပွဲ ဖွင့်ပွဲ ကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်ဝင်း တက်ရောက်၍ ဖွင့်လှစ်ပေး

ရန်ကုန်　　ဖေဖော်ဝါရီ　　၈

ရန်ကုန်အရှေ့ပိုင်းခရိုင် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြခန်းများနှင့် ပျော်ပွဲရွှင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်ဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုးနှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းတို့က ရန်ကုန်အရှေ့ပိုင်းခရိုင် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြခန်းများနှင့် ပျော်ပွဲရွှင်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပေးအပ်

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်က တိုင်းမှူးနှင့် တာဝန်ရှိသူများအား ဖွင့်ပွဲအထိမ်းအမှတ် အလံများကို ပေးအပ်သည်။

ဆက်လက်၍ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အရောင်းဆိုင်များ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီး ရေးရာအဖွဲ့နာယက၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်တို့က အရောင်းဆိုင်ခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့် ဧည့်ပရိသတ်တို့သည် ဝန်ကြီးဌာန ပြခန်းများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ စက်မှုဇုန်များမှ ထုတ်လုပ်သည့် မော်တော်ယာဉ်ပြခန်းများ၊ စက်မှုဇုန်များမှထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ အဝတ်အထည်ပစ္စည်းများ အရောင်းပြခန်းများ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များ၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အဝတ်အထည်၊လူသုံးကုန်၊ စားသောက်ကုန်၊ စာရေးကိရိယာ၊ တိုင်းရင်းဆေးမျိုးစုံနှင့် မြန်မာ့ရိုးရာအစားအစာ အရောင်းဆိုင်များကိုလိုက်လံကြည့်ရှုအားပေးကြသည်။

တင်ဆက်ဖျော်ဖြေ

ရန်ကုန်အရှေ့ပိုင်းခရိုင် (၅၉)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြခန်းများနှင့် ပျော်ပွဲရွှင်ပွဲများကို ဖေဖော်ဝါရီ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဝန်ကြီးဌာန ခုနစ်ခုမှ ပြခန်း ၁၁ ခန်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် စက်မှုဇုန်များမှ ထုတ်လုပ်သည့် မော်တော်ယာဉ်မျိုးစုံပြခန်း ၆၄ ခန်း၊ လူသုံးကုန်ပစ္စည်း အရောင်းပြခန်း ၆၈ ခန်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အရောင်းဆိုင် ၂၈ ဆိုင်၊ ပုဂ္ဂလိက လူသုံးကုန်ပစ္စည်း၊ တိုင်းရင်းဆေးမျိုးစုံ အရောင်းဆိုင်နှင့် စားသောက်ဆိုင် ၄၃ ဆိုင် စုစုပေါင်း ပြခန်းနှင့် အရောင်းဆိုင် ၂၁၄ ခန်းကို ဖွင့်လှစ်ပြသ ရောင်းချသွားမည်ဖြစ်ကြောင်းနှင့် အငြိမ့်၊ မော်ကွန်းရုပ်ရှင်၊ တေးဂီတနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုဆိုင်းဝိုင်းကြီးများဖြင့် ညစဉ်တင်ဆက်ဖျော်ဖြေသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်ဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုးနှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းတို့ ရန်ကုန်အရှေ့ပိုင်းခရိုင်(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြခန်းများနှင့်ပျော်ပွဲရွှင်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၇ ရက်က ဒဂုံမြို့နယ် သံတမန်လမ်းရှိ မေရီချက်(ပ်)မင်းနားမကြားကလေးများ ကျောင်းသို့ ရန်ကုန်မြို့ (၂၂)လမ်းနေ ဒေါ်လှရင်(နယူးယောက်ရွှေဆိုင်)၏ (၇၅)နှစ်မြောက် စိန်ရတုမွေးနေ့ အထိမ်းအမှတ်အဖြစ် ခင်ပွန်း ဦးကျော်ဟန်နှင့် သား သမီးတို့က ငွေကျပ်ငါးသိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မာဂရက်ကျော်မြထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

ရန်ကုန်　　ဖေဖော်ဝါရီ　　၈

ယနေ့နံနက် မြန်မာစံတော်ချိန် (၀၉း၃၀)နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းချိုင့်ဝှမ်း၏ အရှိန်ကြောင့် ရခိုင်ပြည်နယ် တောင်ပိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတောင်ပိုင်းတို့တွင် ယနေ့နံနက်မှနောက် ၄၈နာရီအတွင်း နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။



ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် ဦးသန်းလွင်-ဒေါ်ခင်ခင်သိန်း၊ သား လွင်မင်းသိန်း၊ သမီး သူသူအောင် မိသားစုက အလှူငွေကျပ်သုံးသိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ ဒေါက်တာဦးကိုကိုထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား တွေ့ဆုံနှုတ်ဆက်

ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ရန် ရန်ကုန်မြို့၌ ရောက်ရှိနေသော (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့်တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များအား ရန်ကုန်မြို့ ဘုရင့်နောင်လမ်းရှိ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း လိုက်ပါလျက် ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ရန် ရန်ကုန်မြို့တွင် ရောက်ရှိနေကြသည့် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဘုရင့်နောင်လမ်းရှိ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းသို့ သွားရောက်၍ တွေ့ဆုံနှုတ်ဆက်သည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းသို့ မွန်းလွဲ၂နာရီတွင် ရောက်ရှိလာရာ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဝင်များ၊ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး မွန်းလွဲပိုင်းတွင် အမှတ်(၁)စစ်ကြောရေးနှင့်တည်းခိုရေးစခန်းမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)



ကြည့်ရှုလေ့လာ

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိနေကြသည့် ပြည်နယ်နှင့် တိုင်းများမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ ရွှေပြည်သာစက်မှုဇုန်ရှိ Fair Sun Mould and Die Industry စက်ရုံ၌ ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ လှိုင်သာယာစက်မှုဇုန်နှင့် ရွှေပြည်သာစက်မှုဇုန် ကြည့်ရှုလေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်မြို့၌ ကျင်းပမည့် ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့တက်ရောက်ရန် ရောက်ရှိနေကြသည့် ပြည်နယ်နှင့် တိုင်းများမှ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များသည် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် ယနေ့တွင် ရန်ကုန်မြို့ရှိ လှိုင်သာယာ စက်မှုဇုန်နှင့် ရွှေပြည်သာစက်မှုဇုန်တို့သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ပြည်နယ်နှင့် တိုင်းများမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှု အဖွဲ့ဝင်များသည် နံနက်၇နာရီတွင် လှိုင်သာယာစက်မှုဇုန်ရှိ FAME ဆေးဝါးထုတ်လုပ်ရေးစက်ရုံသို့ရောက်ရှိကြရာမန်နေဂျင်းဒါရိုက်တာ ဒေါက်တာ ခင်မောင်လွင်နှင့် တာဝန်ရှိသူများက ပရဆေးပင်များ စိုက်ပျိုးထားရှိမှုနှင့် လူသုံးဆေးဝါးထုတ်လုပ်မှု အဆင့်ဆင့်တို့ကို လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များသည် ရွှေပြည်သာ စက်မှုဇုန်ရှိ Fair Sun Mould and Die Industry စက်ရုံသို့ရောက်ရှိကြရာ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာဖေခင်က စက်ရုံသမိုင်းကြောင်းကိုလည်းကောင်း၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးသိန်းငွေက Mould and Die လုပ်ငန်း အကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှု အဖွဲ့ဝင်များသည် အဖွဲ့လေးဖွဲ့ခွဲ၍ စက်ရုံမှ ထုတ်လုပ်သည့် Mould များနှင့် စက်ပစ္စည်းအစိတ်အပိုင်း အမျိုးမျိုး ထုတ်လုပ်မှုတို့ကို ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)၏ (၃၂)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ထူးချွန်ပုဂ္ဂိုလ် ဂုဏ်ပြုပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၆ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကမာရွတ်မြို့နယ်ဗဟိုလမ်းမကြီးအမှတ် (၄၉/၅၁) အောင်သောင်း လျှပ်စစ် တာဝါခန်းမ၌ ကျင်းပမည် ဖြစ်သည်။

အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်များ၊ တက္ကသိုလ်များမှ မဟာဘွဲ့တွင် ထူးချွန်သူများနှင့် ပါရဂူဘွဲ့ရသူများ၊ ၂၀၀၅ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ရန်ကုန်မှ အသင်းဝင်များ၏ သားသမီးများစာရင်းကို အမှတ်စာရင်းများနှင့်အတူ ဖေဖော်ဝါရီ ၂၃ရက်နောက်ဆုံးထား၍ ဦးသောင်း(နာယက) ဖုန်း-၅၁၁၇၆၅၊ ဒုတိယဗိုလ်မှူးကြီးတင်ကြိုင် ဖုန်း-၆၈၀၉၁၃၊ ဒုတိယဗိုလ်မှူးကြီး အေးသန်းထွန်း(ငြိမ်း) ဖုန်း-၆၆၂၅၁၈၊ ဦးတင်ညို ဖုန်း-၂၁၄၅၉၀၊ ဒုတိယဗိုလ်မှူးကြီးသန်းထွေး (ငြိမ်း) ဖုန်း-၆၅၀၁၉၇၊ ဦးပေါ်အေး ဖုန်း-၅၅၅၈၉၅နှင့်ဗိုလ်မှူးခင်မောင်ဇော်(ငြိမ်း) ဖုန်း-၆၆၂၅၀၇တို့ထံ ဆက်သွယ်ပေးပို့ကြရမည်ဖြစ်သည်။ အသင်းဝင်ပြီးသူဖြစ်စေ၊ မဝင်ရသေးသူဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ (က-ပ)

ဖေဖော်ဝါရီ၈ရက်က တပ်မတော်ခန်းမတွင်ပြသသည့် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြပွဲတွင် အထက်တန်းအဆင့် Language Lab သင်ကြားခြင်းစွမ်းရည်ပြိုင်ပွဲကို အမှတ်(၃)အခြေခံပညာဦးစီးဌာနနှင့် Soft Guide Computer Training Centre တို့ပူးပေါင်းစီစဉ်မှုဖြင့် ကျင်းပရာ အကောင်းဆုံးဆုရရှိသည့် အထက(၁)ဒဂုံနှင့် အကောင်းဆုံး သင်ကြားမှုဆရာဆုရရှိသည့် ဒေါ်သီတာလှ(အထက-၁၊ ဒဂုံ)တို့အား အမှတ်(၃)အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်သိန်း ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဓနုဖြူမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၈

ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၉ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ဗဟန်းမြို့နယ် ဗဟန်း(၃)လမ်းမှတ်တိုင်ရှိ အဘိဓမ္မာရတနာဃရ ဓမ္မဗိမာန်တော်တွင် ကျင်းပမည်ဖြစ်သည်။ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ တက်ရောက်နိုင်ကြောင်းနှင့် အလှူငွေများကို ဦးလှမြင့် ဖုန်း-၂၂၄၃၉၁၊ ဦးမြင့်သိန်း ဖုန်း-၂၀၁၇၃၁နှင့် ဦးလှမြင့် ဖုန်း-၂၅၂၇၉၃တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ထာဝစဉ်စည်းလုံး ညီညွတ်စွာဖြင့် ချီတက်ကြပါစို့

မြင့်ခိုး



အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ထူးမြတ်သော (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခါသမယပင်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟု ဖြစ်တည်နေသည့် ဘူမိနက်သန် နယ်မြေကြီးအတွင်းတွင် လွန်ခဲ့သော နှစ်သန်းပေါင်းများစွာကပင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားမျိုးနွယ်စုပေါင်း တစ်ရာကျော် ပွားစီးနေထိုင်ခဲ့ကြပြီး မြန်မာလူမျိုးအဖြစ် သမိုင်းအစဉ်အဆက် ဆင့်ပွားတိုးတက်လာခဲ့သည်မှာ ဂုဏ်ယူဝင့်ကြွားဖွယ်ရာ အမျိုးသားရေးဂုဏ်ဒြပ်ပင်ဖြစ်သည်။

မိမိတို့ တိုင်းရင်းသားလူမျိုးများအတွင်း သုခ၊ ဒုက္ခအပေါင်းကို အေးအတူ ပူအမျှ ဝေမျှခံစားလျက် ခွဲခြားမရသည့် မိသားစုကြီးအဖြစ် ပေါင်းစည်းယှက်နွယ် နေထိုင်လာခဲ့ကြသည်။

ထိုအစဉ်အလာကောင်းများက ဖန်တီးဖော်ဆောင်ခဲ့သည့် အကျိုးရလဒ်ကောင်းများကြောင့် ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ် ထွန်းပြောင်မြင့်မားသော **"မြန်မာ"**ဟူသည့် တစ်လုံးတစ်စည်းသော လူမျိုးအဖြစ် တိုးတက်ဖြစ်ထွန်းလာခဲ့ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည် အာရှတိုက်အရှေ့တောင်ပိုင်း၌ တည်ရှိပြီး လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကျော်မှစ၍ လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သောနိုင်ငံအဖြစ် ပေါ်ထွန်းရပ်တည်လာခဲ့သည်။

ပထဝီဝင်အနေအထားအရ ပြည်ထောင်စု မြန်မာနိုင်ငံသည် အိမ်နီးချင်းများအဖြစ် မြောက်ဘက်နှင့် အရှေ့မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ အရှေ့ဘက်နှင့် အရှေ့တောင်ဘက်တွင် လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံ၊ တောင်ဘက်တွင် ကပ္ပလီပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော်၊ အနောက်ဘက်၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ အကျယ်အဝန်းမှာ ဧရိယာစတုရန်းမိုင်ပေါင်း ၂၆၁၂၂၈ မိုင်ရှိပြီး အရှေ့နှင့်အနောက် ၅၈၂ မိုင်ကျယ်ဝန်းကာ တောင်နှင့်မြောက် ၁၂၇၅ မိုင်ရှည်လျားသည်။ နယ်နိမိတ်အားဖြင့် မိုင်ပေါင်း ၅၂၀၀ မျှရှည်လျားပြီး အိမ်နီးချင်းနိုင်ငံများနှင့် မိုင်ပေါင်း ၃၈၀၈ မိုင် ဆက်စပ်လျက်ရှိသည်။ ရေမိုင်အားဖြင့် မြောက်ဘက် နတ်မြစ်ဝမှ တောင်ဘက် ဘုရင့်နောင်အငူအထိ ၁၃၈၅ မိုင်ခန့် ရှည်လျားကာ ကမ်းရိုးတန်းနှင့် ကမ်းခြေတို့မှ သီးသန့်စီးပွားရေးဇုန်အထိ ဧရိယာစတုရန်းမိုင်ပေါင်း ၁၄၀၀၀ ကျော် ပိုင်ဆိုင်ထားသည်။ တစ်နိုင်ငံလုံး၏ ၅၁ ရာခိုင်နှုန်းကို သစ်တောများ ယှက်နွယ်ဖုံးလွှမ်းနေပြီး သစ်တောဧရိယာ စတုရန်းမိုင်ပေါင်း ၁၃၀၀၀၀ ကျော်ရှိသည်။ မြေမျက်နှာသွင်ပြင်အားဖြင့် ကုန်းမြင့်တောင်တန်း၊ ချိုင့်ဝှမ်းလွင်ပြင်များအတွင်း မြစ်ကြီး၊ မြစ်ငယ်အသွယ်သွယ်တို့ ပေါင်းစည်းဆက်နွယ်နေသော တိုင်းပြည် ဖြစ်သည်။ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်နှင့် စစ်တောင်းဟူသည့် မြစ်ကြီးလေးစင်း တသွင်သွင်စီးဆင်းနေပြီး ဧရာဝတီမြစ်သည် မိုင် ၁၀၀၀ ကျော်မျှ ရှည်လျားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ပြည်နယ်ခုနစ်ပြည်နယ်နှင့် တိုင်းခုနစ်တိုင်းတို့ဖြင့် ဖွဲ့စည်းတည်ထောင်ထားရာ တိုင်းခုနစ်တိုင်းမှာ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်းနှင့် မကွေးတိုင်းတို့ဖြစ်ကြသည်။ ပြည်နယ်ခုနစ်ပြည်နယ်အဖြစ် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ဖြစ်ကြသည်။

ထိုကဲ့သို့ ပြည်နယ်နှင့်တိုင်းအသီးသီးတို့သည် တစ်တိုင်းနှင့်တစ်တိုင်း၊ တစ်ပြည်နယ်နှင့်တစ်ပြည်နယ် ကူးလူးယှက်နွယ် ချစ်ကြိုးသွယ်လျက် စုစည်းတည်ထောင်ဖြစ်တည်ခဲ့သည်မှာ ရှေးနှစ်ပေါင်း အတိတ်ကာလ ကတည်းကပင်ဖြစ်သည်။ ယင်းပြည်နယ်နှင့်တိုင်းတို့၌ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းအစရှိသော ပြည်ထောင်စုဖွား တိုင်းရင်းသားမျိုးနွယ်စု တစ်ရာကျော်တို့သည် အသီးတစ်ရာ အညှာတစ်ခု မဏ္ဍိုင်ပြု၍ ကျောချင်းကပ် ရင်ချင်းအပ်ကာ မိသားစုစိတ်ဓာတ်ဖြင့် အခွန့်ရှည်စွာ မှီတင်းနေထိုင်လာခဲ့ကြသည်။

၂၀၀၆ ခုနှစ် ဇန်နဝါရီ၂၀ရက်က ပြည်သူ့လွှတ်တော်အဆောက်အအုံမင်္ဂလာခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၇)မှ သင်တန်းသား၊ သင်တန်းသူများအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"မိမိတို့နိုင်ငံတော်အတွင်း တိုင်းရင်းသားများသည် လူမျိုးတစ်မျိုးစီ၊ နေရာဒေသတစ်ခုစီ၌ သီးခြားနေထိုင်ကြသည်မဟုတ်ဘဲ တိုင်းရင်းသား လူမျိုးများအားလုံးသည် နယ်မြေဒေသတိုင်း၌ ရှေးပဝေသဏီကပင် အတူတကွ နေထိုင်လာခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တိုင်းရင်း သားလူမျိုးများသည် ပင်ကိုအားဖြင့် တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး စိတ်ဝမ်းမကွဲဘဲ ရှိနေကြသော လူမျိုးများဖြစ်ကြောင်း။

ပင်ကိုအားဖြင့် တည်ရှိပြီးဖြစ်သည့် ထိုပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများကို ပိုမိုတောင့်တင်းခိုင်မာအောင် တည်ဆောက်ကြရမှာဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ် တောင့်တင်းခိုင်မာမှသာ မိမိတို့ ပြည်ထောင်စုကြီး၏ နယ်နိမိတ်သည် အမြဲတမ်းတည်တံ့ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည်လည်း အစဉ်ထာဝရ တည်မြဲနေမှာဖြစ်ကြောင်း။

ပြည်ထောင်စု စိတ်ဓာတ်ဆိုသည်မှာ မည်သည့်အဖွဲ့အစည်း၊ မည်သည့်လူမျိုး၊ မည်သည့်အယူဝါဒကိုမျှ အခြေခံသည့် စိတ်ဓာတ်မဟုတ်ဘဲ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေးစိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးမှာလည်း ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံးနှင့် သက်ဆိုင်သည့် နိုင်ငံသူ၊ နိုင်ငံသားတိုင်း ထမ်းရွက်ရမည့် အမျိုးသားရေးတာဝန်များပင်ဖြစ်ကြောင်း။

ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားခိုင်မြဲရေး ဆောင်ရွက်ရာတွင် အတွေးအခေါ်အယူအဆပိုင်းသက်သက်၊ သဘောတရားရေးသက်သက်ဖြင့် တည်ဆောက်၍မရနိုင်ဘဲ လက်တွေ့ပိုင်းဖြင့် ပေါင်းစပ်ပေးနိုင်ရန်လည်း လိုအပ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရအောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဟူသော ဖွံ့ဖြိုးရေးစီမံကိန်းသုံးရပ်ကို တစ်ပြိုင်တည်း ပေါင်းစည်း ဆက်စပ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း"

ဖြင့် တိုင်းရင်းသားပြည်သူများကိုပါ အသိပေး မိန့်ကြားသွားခဲ့သည်။

ယနေ့ တပ်မတော်အစိုးရက ၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတော်၏ အချုပ်အခြာအာဏာကို လွှဲပြောင်းရယူပြီးချိန်မှစ၍ နိုင်ငံတော်၏ ဖွံ့ဖြိုး တိုးတက်မှုများကို မြင့်တင်ဖော်ထုတ်ပေးရန်အတွက် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးဦးတည်ချက်များ အခိုင်အမာချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ယင်းကဲ့သို့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုကြောင့် မျက်မှောက် ကာလတွင် ကဏ္ဍအသီးသီး၌ တိုးတက်ဖြစ်ထွန်းလာနေပြီ ဖြစ်သည်။

ထိုကဏ္ဍအသီးသီးများအနက်မှ အချို့ကိုတင်ပြရလျှင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် ယခင်က အေးချမ်းဖွံ့ဖြိုးမှုမရှိသည့် ဒေသများသည် ယခုအခါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့များ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုများနှင့်အတူ ငြိမ်းချမ်း ဖွံ့ဖြိုးနေပြီဖြစ်သည်။

ယင်းကဲ့သို့ ငြိမ်းချမ်းမှုနှင့်အတူ အခြေခံအဆောက်အအုံများဖြစ်သည့် ဆေးရုံဆေးပေးခန်းများ၊ ကျောင်းများ၊ဆက်သွယ်ရေးလုပ်ငန်း၊ လမ်း၊တံတားများ တည်ဆောက်ဖွင့်လှစ်ပေးနိုင်သည့်အပြင် အခြေခံစီးပွားရေးလုပ်ငန်းများကိုပါ ထူထောင်ပေးနိုင်ခဲ့ပြီဖြစ်သည်။ နယ်စပ်ဒေသ လူမှုစီးပွားရေး အခြေအနေများသည် မျှော်မှန်းသည်ထက် တိုးတက်အောင်မြင်ခဲ့သည်။

တစ်ဖန်စိုက်ပျိုးရေးကဏ္ဍကိုကြည့်ပါလျှင် ၁၉၈၈ ခုနှစ်ကာလက မြန်မာနိုင်ငံ၏ စိုက်ပျိုးမြေဧရိယာမှာ ဧက ၂၄ ဒသမ ၈ သန်းသာရှိခဲ့သည်။ မြေလွတ်မြေရိုင်းဧက ၂၀ ဒသမ ၈ သန်းကျန်ရှိနေသေးသည်။ ထိုစဉ်က စပါးစိုက်ဧက ၁၁ သန်းခွဲကျော်ရှိရာမှ ယခုအခါ မိုးစပါးဧက ၁၂ သန်းနှင့် နွေစပါးဧကလေးသန်း စုစုပေါင်းဧက ၁၆ သန်း

မိမိတို့နိုင်ငံတော်အတွင်း တိုင်းရင်းသားများသည် လူမျိုးတစ်မျိုးစီ၊ နေရာဒေသတစ်ခုစီ၌ သီးခြားနေထိုင်ကြသည် မဟုတ်ဘဲ တိုင်းရင်းသား လူမျိုးများအားလုံးသည် နယ်မြေဒေသတိုင်း၌ ရှေးပဝေသဏီကပင် အတူတကွ နေထိုင်လာခဲ့ခြင်းဖြစ်၊

ထို့ကြောင့်မိမိတို့တိုင်းရင်းသားလူမျိုးများသည် ပင်ကိုအားဖြင့် တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး စိတ်ဝမ်းမကွဲဘဲ ရှိနေကြသော လူမျိုးများဖြစ်။

ပြည်ထောင်စု၏ နှလုံးအိမ်

* ဒို့ညီနောင်စု
တည်ထောင်ပြုသည့်
ပြည်ထောင်စု၏ နှလုံးအိမ်။
* ဒို့ပြည်အရေးမှာ
သွေးလာမခွဲပါနဲ့
မွေးလာကတည်းက ညီညွတ်သူ။
* လာချင်အနီးလေး၊
မလာချင်ခရီးဝေး၊
သွေးခွဲစကား၊
မပြောကြားနဲ့၊
လမ်းတံတားတို့
ပန်းအလားသို့
သွားလာကူးသန်း၊
သစ္စာကမ်းလျက်၊
မေတ္တာပန်းတို့ လန်းနေပြီ။
* ပင်လုံမြေမှ၊
အခြေချသည့်
အစကောင်း၍
အနှောင်းသေချာ
ကမ္ဘာတည်သရွေ့
ဘယ်မရွေ့သည်
မမေ့သက်သေတည်စေမည်။
* နယ်စပ်ဒေသ၊
ကျေးလက်မှသည်
ဒေသနှစ်ဆယ့်လေး
စည်းရုံးပေး၍
အရေးသုံးပါး၊
ဦးထိပ်ထားလျက်၊
သွေးသားညီနောင်
ဒို့တည်ထောင်သည်
ပြည်ထောင်စု၏ နှလုံးအိမ်။ ။

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်

တက္ကသိုလ်တင်ခ

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကယားပြည်နယ်

ကယားပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အရှေ့ပိုင်းတွင်တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၄၅၃၀ ကျယ်ဝန်းသည်။ ကယား၊ ကယန်း၊မိုနို၊ကယော၊ယင်းတလဲ၊ဂေခို၊ဂေဘား စသည့် တိုင်းရင်းသားမျိုးနွယ်စုများနှင့် ကချင်၊ကရင်၊ ချင်း၊ ပအိုဝ်း၊ဗမာ၊မွန်၊ရခိုင်၊ရှမ်း၊ အင်းသားစသော တိုင်းရင်းသားများ အတူတကွပူးပေါင်း နေထိုင်ကြသည့် ပြည်ထောင်စုငယ်တစ်ခုအသွင် တည်ရှိနေသည်။ လက်ရှိလူဦးရေ ၃၁၂၀၀၀ ခန့်ရှိရာလူနေသိပ်သည်းမှုမှာတစ်စတုရန်းမိုင်လျှင် ၆၉ယောက်ဖြစ်သည်။

ကယားပြည်နယ်သည် ကုန်းမြင့်ဒေသ၌ တည်ရှိသော ပြည်နယ်တစ်ခုဖြစ်သည်။ ရှမ်းကုန်းပြင်မြင့်နှင့် ဆက်စပ်နေပြီး ပင်လယ်ရေမျက်နှာပြင်အထက်ပေ၂၉၅၀မှ၆၀၀၀ အကြားမြင့်မားသည်။ မြောက်ဘက်မှတောင်ဘက်သို့စီးဆင်းနေသော မြစ်အများစုသည် တောင်ကုန်းထူထပ်သော ဒေသကိုဖြတ်သန်းရသဖြင့်ရေစီးသန်သည်။ အင်းလေးကန်မှ စတင်စီးထွက်လာသော ဘီလူးချောင်းစီးဆင်းရာ လွိုင်ကော် လွင်ပြင်တွင် မြေဩဇာ ကောင်းမွန်သော စိုက်ပျိုးမြေများရှိသည်။

ကယားပြည်နယ် ဒီမောဆိုမြို့နယ်အတွင်း စိုက်ပျိုးရေ ပေးဝေလျက်ရှိသည့် လွိုင်နန်းဖရေထိန်းတမံကို တွေ့ရစဉ်။



တပ်မတော်အစိုးရ နိုင်ငံ့တာဝန်စတင်ယူခဲ့ရစဉ်ကပင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များကို ဥပဒေဘောင်အတွင်း ဝင်ရောက်လာရန် လက်ကမ်း ကြိုဆိုခဲ့သည်။ ယင်းသို့မွန်မြတ်သော သဘောထားစေတနာမှန်ဖြင့် ဆောင်ရွက်ခဲ့ခြင်းသည် ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာစွာဖြင့် တိုင်းရင်းသားလူမျိုးများအားလုံး ဆူကြဲနိမ့်မြင့် ကွာဟချက်မရှိ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရေးအတွက်ပင်ဖြစ်သည်။

တိုင်းရင်းသားလူငယ်များ မိမိဒေသအတွင်းမှာပင် အဆင့်မြင့်ပညာသင်ယူနိုင်ရန် ဖွင့်လှစ်ပေးထားသည့် လွိုင်ကော်တက္ကသိုလ် အဆောက်အအုံကို တွေ့ရစဉ်။

ဤသို့ဖြင့် ကယားပြည်နယ်၌ ငြိမ်းချမ်းမှုရရှိလာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုများ ဝေဆာလာခဲ့သည်။ ကယားပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာနိုင်ရန်အတွက် ၁၉၈၈ ခုနှစ်ကာလနှင့် မျက်မှောက်ကာလ ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ပြပါအတိုင်း တွေ့မြင်နိုင်ပေသည်။

ကယားပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများ

အမျိုးအမည်	၁၉၈၈	၂၀၀၆	တိုးတက်မှု
စိုက်ပျိုး/မွေးမြူရေး			
– စိုက်ပျိုးမြေဧက	၁၁၅၇၉၁	၁၄၅၄၇၉	၂၉၆၈၈
– ဆည်မြောင်း/တာတမံ	၁၁	၁၃	၂
– မြစ်ရေတင်လုပ်ငန်း	–	၂	၂
– မိုးစပါးစိုက်ဧက	၅၆၀၀၇	၉၇၂၄၃	၄၁၂၃၆
– နွေစပါးစိုက်ဧက	–	၈၆၂၀	၈၆၂၀
– ဆီထွက်သီးနှံစိုက်ဧက	၉၈၆၂	၄၁၂၄၄	၃၁၃၈၂
– ငါးမွေးမြူရေးကန်(ဧက)	၃	၂၃၂ .၁၈	၂၂၉ .၁၈
သစ်တောပြုစုပျိုးထောင်မှု			
– ကြိုးဝိုင်းတော(စတုရန်းမိုင်)	၇၄	၂၇၀	၁၉၆
– သစ်တောစိုက်ခင်း(ဧက)	၂၀၀	၇၁၅၇	၆၉၅၇
လမ်းပန်းဆက်သွယ်ရေး			
– ကားလမ်း(မိုင်)	၃၉၆	၅၈၁	၁၈၅
– ကတ္တရာလမ်း	၁၂၆	၂၈၂	၁၅၆
– ကျောက်လမ်း	၃၀	၃၂	၂
– ရထားလမ်း(မိုင်)	–	၈ .၅၉	၈ .၅၉
– သံလမ်း(မိုင်)	–	၁၀ .၉	၁၀ .၉
– ဘူတာရုံ	–	၃	၃
– ပေ၁၈၀အထက်တံတား	၆	၈	၂
– ပေ၁၈၀အောက်တံတား	၁၄၅	၁၅၁	၆
လျှပ်စစ်စွမ်းအား			
– ရေအားလျှပ်စစ်စက်ရုံ	၂	၄	၂
– ဒီဇယ်ဆီသုံး ဓာတ်အားပေးစက်ရုံ	၄	၂၆	၂၂
– ဓာတ်အားသုံးစွဲမှု ယူနစ်(သန်း)	၄ .၄၀၅	၃၆ .၇၆	၃၂.၃၅၅
ပညာရေး			
– အခြေခံပညာအဆင့် ကျောင်းအင်အား	၃၃၃	၃၈၈	၅၅
– မူလတန်း	၂၉၉	၃၄၁	၄၂
– အလယ်တန်း	၂၇	၃၁	၄
– အထက်တန်း	၇	၁၆	၉
– ဆရာ/ဆရာမဦးရေ	၁၂၅၉	၁၉၂၄	၆၆၅
– ကျောင်းသားဦးရေ	၂၉၉၁၆	၅၀၇၅၄	၂၀၈၃၈
အဆင့်မြင့်ပညာအဆင့်			
– တက္ကသိုလ်	–	၁	၁
– အစိုးရ ကွန်ပျူတာကောလိပ်	–	၁	၁
– အစိုးရ နည်းပညာကောလိပ်	–	၁	၁
ကျန်းမာရေး			
– ဆေးရုံ	၁၅	၁၆	၁
– ကျန်းမာရေးဌာနများ	၃၂	၃၆	၄
– တိုင်းရင်းဆေးရုံ	–	၁	၁
ဆက်သွယ်ရေး			
– စာတိုက်စခန်း	၈	၁၃	၅
– ကြေးနန်းရုံး	၃	၁၁	၈
– တယ်လီဖုန်းရုံး	၃	၁၅	၁၂
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး			
– ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ	–	၇	၇
– ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်	–	၁၃၅	၁၃၅

စိုက်ပျိုးပြီး စပါးတင်းသန်း ၁၀၀၀ ထွက်ရှိရေးအတွက် နည်းလမ်းအသွယ်သွယ်ဖြင့် ဖြည့်ဆည်းစီမံပေးခဲ့သည်။

စပါးအပြင် ပဲမျိုးစုံ၊ ဝါ၊ အစေ့ထုတ်ပြောင်း၊ ရော်ဘာ၊ ဆီအုန်း၊ လက်ဖက်၊ ငရုတ်ကောင်းနှင့် ကော်ဖီအပြင် ဆီထွက် သီးနှံများကိုပါ စိုက်ဧကများတိုးချဲ့ကာ ထုတ်ကုန်စွမ်းအားများ မြှင့်တင်နိုင်ခဲ့သည်။ လယ်ယာကဏ္ဍ၏ အဓိကလိုအပ်ချက်ဖြစ်သည့် ဆည်မြောင်း တာတမံမြောက်မြားစွာကို တိုးချဲ့တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ထို့အပြင် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ တည်ဆောက်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ပညာရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာ၊ ကျန်းမာရေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

ရေအားလျှပ်စစ်စီမံကိန်းများ၊ ရေနံနှင့် ရေနံထွက်ပစ္စည်းစက်ရုံများ၊ သတ္တုတွင်းထွက်သယံဇာတပစ္စည်းများ၊ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများ၊ လူသုံးကုန်ပစ္စည်းစက်ရုံများ၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းများလည်း ပြည်နယ်နှင့် တိုင်းအလိုက် အသီးသီးဖွံ့ဖြိုးတိုးတက်လာ၍ ကုန်ထုတ်စွမ်းအားများ မြှင့်တင်ပေးနိုင်ခဲ့သည်။

ယင်းကဲ့သို့သော အခြေအနေအချိန်အခါကောင်းတွင် ပြည်ထောင်စုကြီး၏ အခြေခံအုတ်မြစ်လည်းဖြစ်ပြီး အမျိုးသားရေး အားမာန်လည်းဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ပိုမိုတိုးတက်ခိုင်မာ ရင့်သန်ထွန်းကား ပြန့်ပွားစေရန် တိုင်းရင်းသားပြည်သူအပေါင်းက စည်းလုံးညီညွတ်စွာဖြင့် ဆက်လက်ကြိုးပမ်းစွမ်းဆောင်သွားကြရမည်ဖြစ်သည်။

ပြည်ထောင်စုကြီး အင်အားချည့်နဲ့ပြိုကွဲရေးအတွက် ဆိုးညစ်သည့် ရည်ရွယ်ချက်ဖြင့် အစီအစဉ်တကျ လုပ်ဆောင်နေကြသည့် ကိုလိုနီနယ်ချဲ့ လက်သစ်တို့၏ သွေးခွဲသပ်လျှိုမှု၊ သွေးထိုးမြှောက်ပင့်မှု၊ သွေးဆောင်ဖြားယောင်းမှုတို့ကို တိုင်းရင်းသားလူမျိုးများအားလုံးက စည်းလုံးညီညွတ်စွာ လက်တွဲတွန်းလှန်တိုက်ဖျက်လျက် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် တင့်တယ်ထည်ဝါစွာ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရေး၊ ပြည်ထောင်စုနေ့ နေ့ထူး နေ့မြတ်ကြီး၏ အစဉ်လာကောင်းများနှင့်အညီ ကြိုးပမ်းသွားကြရမည် ဖြစ်ပေသည်။

သို့ဖြစ်၍ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အခြေခံလျက် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ရင့်သန်ခိုင်မာစေရန်အားထုတ်ကြိုးပမ်းရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များဖြစ်သော–

- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊**
- **တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊**
- **ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊**
- **နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး**

ဟူသော အမျိုးသားရေး ဦးတည်ချက်များ အောင်မြင်စွာ အကောင်အထည်ပေါ်လာစေရေးအတွက် တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့ဖြင့် လက်တွဲညီညီကြိုးပမ်းသွားကြမည်သာဖြစ်ပါကြောင်း (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ထူးမြတ်သော အချိန်အခါတွင် ရေးသားလိုက်ရပါသည်။ ။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းထံ ပြည်ထောင်စုအလံတော်ကို လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

☆ (၅၉)နှစ်မြောက်မှ

ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေးဟူသော (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်ငါးရပ်နှင့်အညီ နိုင်ငံရေးအနှစ်သာရ ပြည့်ဝစွာဖြင့် ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ အလံတင်အခမ်းအနား ကျင်းပရေးအတွက် ရန်ကုန်မြို့တော်ခန်းမ၌ တစ်နှစ်တာ ရပ်နားခဲ့သော ပြည်ထောင်စုအလံတော်ကို ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင်သို့ လှည့်လည်သယ်ဆောင်ရေး အစီအစဉ်အရ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်ခန်းမမှ ရန်ကုန် တောင်ပိုင်းခရိုင်ကိုယ်စားပြု သန်လျင်မြို့နယ် သီဟဒီပအားကစားကွင်းသို့ ပြည်ထောင်စုလှေဖြင့်လည်းကောင်း၊ နိုင်ငံတော်အလံတော် သယ်ယူရေးအဖွဲ့များက အဆင့်ဆင့် လက်ဆင့်ကမ်း၍လည်းကောင်း သယ်ဆောင်ကြပြီး နံနက် ၈ နာရီ မိနစ် ၅၀ တွင် သန်လျင်မြို့ သီဟဒီပအားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော်ကို စိုက်ထူအလေးပြုကာ တစ်ညတာ ရပ်နားလိုက်သည်။

ဂုဏ်ပြုကြိုဆို

ရှေးဦးစွာ ပြည်ထောင်စုအလံတော်ကို ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင်သို့ လှည့်လည်သယ်ဆောင်ရန်အတွက် ရန်ကုန်မြို့တော်ခန်းမ ပထမထပ်ရှိ မြို့တော်ဝန်ဧည့်ခန်းမ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုအလံတော်ကို နံနက် ၆ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အလေးပြု၍ နုတ်ယူပြီး တပ်မတော် (ကြည်း၊ရေ၊လေ) ရဲအရာရှိလေးဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်ထောင်စု တိုင်းရင်းသား၊ တိုင်းရင်းသူများ ခြံရံကာ မြို့တော်ခန်းမမှ သတ်မှတ်လမ်းကြောင်းအတိုင်း မဟာဗန္ဓုလလမ်းရှိ မြို့တော်ခန်းမရှေ့သို့ သယ်ဆောင်လာရာ မြို့တော် မင်္ဂလာစည်တော်အဖွဲ့က စည်တော်ရွမ်း၍ ဂုဏ်ပြုကြသည့်နည်းတူ ပြည်သူများကလည်း ဂုဏ်ပြုကြိုဆို အလေးပြုကြသည်။

ဆက်လက်၍ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက မဟာဗန္ဓုလ ပန်းခြံရှေ့အရောက်တွင် အသင့်စောင့်ဆိုင်းနေသော ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းထံ ပြည်ထောင်စုအလံတော်ကို လွှဲပြောင်းပေးအပ်သည်။ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက မဟာဗန္ဓုလလမ်းအတိုင်း ဆက်လက်သယ်ဆောင်သွားကာ မဟာဗန္ဓုလလမ်းနှင့် မဟာဗန္ဓုလ ပန်းခြံလမ်းထောင့်အရောက်၌ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်ထံ ပြည်ထောင်စုအလံတော်ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်က ပြည်ထောင်စုအလံတော်ကို သယ်ဆောင်သွားပြီး နံနက် ၆နာရီ ၅၅မိနစ်တွင် ပြည်ထောင်စုအလံတော် သယ်ဆောင်သွားမည့် ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။

ဆက်လက်၍ ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုအလံတော်ကို တပ်မတော်(ကြည်း၊ ရေ၊ လေ)၊ ရဲအရာရှိလေးဦးနှင့် ပြည်ထောင်စုတိုင်းရင်းသား၊ တိုင်းရင်းသူများ လိုက်ပါ၍ ရန်ကုန်တောင်ပိုင်းခရိုင် ကိုယ်စားပြု သန်လျင်မြို့သို့ ပြည်ထောင်စုလှေဖြင့် မဟာဗန္ဓုလလမ်းအတိုင်း မဟာဗန္ဓုလတံတားကို ဖြတ်သန်းကာ ယမုံနာလမ်း၊ ရှုခင်းသာမြို့ပတ်လမ်း၊ ရန်ကုန်–သန်လျင်တံတား ချဉ်းကပ်လမ်းအတိုင်း ရန်ကုန်–သန်လျင်တံတားကို ဖြတ်သန်းပြီး သယ်ဆောင်လာရာ ကျောက်တံတားမြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ ဒေါပုံမြို့နယ်နှင့် သာကေတမြို့နယ်တို့မှ မြို့နယ်နှင့်ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဝင်များ၊ သူနာပြုဆရာမများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ထောင်ပေါင်းများစွာသော ပြည်သူလူထုကြီးက ပြည်ထောင်စုအလံတော်ကို အလေးပြုကြသည့်အပြင် ပြည်ထောင်စုအလံငယ်များ ဝှေ့ယမ်း၍လည်းကောင်း၊ ဘင်ခရာ၊ ပန်းဖွားအကများဖြင့်လည်းကောင်း၊ မင်္ဂလာဆိုင်းဝိုင်းကြီးများဖြင့် စည်တော် ရွမ်း၍လည်းကောင်း၊ အတီးအမှုတ် အကအခုန်များဖြင့်လည်းကောင်း၊ ပြည်ထောင်စုအလံတော် သယ်ဆောင်ရာ လမ်းတစ်လျှောက် ဝဲ၊ ယာ တစ်ဖက်တစ်ချက်၌ နိုင်ငံတော် အလံများနှင့် ရောင်စုံအလံများစိုက်ထူ၍လည်းကောင်း၊ “(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော်အား လှိုက်လှဲစွာ ကြိုဆိုပါ၏” စာတန်းပါ လမ်းဖြတ်ကြိုဆိုရေးစာတန်းများဖြင့်လည်းကောင်း၊ မုခ်ဦးများ တည်ဆောက်၍လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

လွှဲပြောင်းပေးအပ်

ပြည်ထောင်စုအလံတော်ကို သယ်ဆောင်လာသည့် ပြည်ထောင်စုလှေသည် နံနက် ၇နာရီ မိနစ် ၄၀တွင် ရန်ကုန်–သန်လျင်တံတားထိပ်အနီးရှိ ရန်ကုန်တောင်ပိုင်းခရိုင် ကြိုဆိုရေးမုခ်ဦးသို့အရောက်၌ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်က ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုအလံတော်ကို အလေးပြု၍ နုတ်ယူကာ တပ်မတော်(ကြည်း၊ရေ၊လေ)၊ ရဲအရာရှိ လေးဦးနှင့် တိုင်းရင်းသား တိုင်းရင်းသူများ ခြံရံလျက် သယ်ဆောင်လာပြီး ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလွင်ဦး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့အား ပြည်ထောင်စုအလံတော်ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလွင်ဦး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုအလံတော်ကို သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဌေး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ခင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းဦး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်အောင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်နိုင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဆိပ်ကြီးခနောင်တိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးငွေ ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ကော့မှူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ဝင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်ထံ ပြည်ထောင်စုအလံတော်ကို လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ရွှေ ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ စက်မှုလယ်ယာ ဦးစီးဌာနမှ ဦးသိန်းဇော်ဝင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ သန်လျင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမ ဒေါ်နန်းအိမ်စည် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှ ဆရာမ ဒေါ်မိုင်အိစတာအင် ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဦးမျိုးကြည် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ သန်လျင်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမ ဒေါ်အေးအေးမြင့် ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ ဦးထွန်းလွင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ကျောက်တန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သီတာမိုးဦး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ သန်လျင်မြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမ ဒေါ်မြင့်မြင့်စိန် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးကိုကို (ခေါ်) ဦးခင်မြင့် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ သန်လျင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်လှဲ့လှဲ့အောင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ သန်လျင်ရေနံချက်စက်ရုံမှ ဦးစိုးတင့် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဖိနပ်စက်ရုံမှ ဒေါ်စန်းစန်းညွှန့် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ သုံးခွမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခင်မြတ်စု ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ သန်လျင်မြို့ အမှတ်(၁၀) သစ်စက်မှ ဒေါ်ခိုင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ သန်လျင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး ဗိုလ်ကြီးစိန်ဝင်း(အငြိမ်းစား) ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဌေးလွင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ထုပ်ပိုးပစ္စည်းစက်ရုံမှ ဒေါ်ကေသီသက် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ⇨

ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့် သန်လျင်မြို့ သီဟဒီပအားကစားကွင်း စင်မြင့်ရှိ ငွေဖလားတွင် ပြည်ထောင်စုအလံတော်ကို စိုက်ထူပြီးအလေးပြုစဉ်။ (သတင်းစဉ်)

⇨ စာမျက်နှာ ၁၀ မှ

သန်လျင်ဖန်ချက်စက်ရုံမှ ဦးမြဝင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ သန်လျင်မြို့နယ် မီးသတ်တပ်ဖွဲ့မှ ဦးကျော်ထွန်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ တောင်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ ဒေါ်သီတာဝင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့ တို့က ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့သို့ အဆင့်ဆင့်လက်ဆင့်ကမ်းပြီး ပြည်ထောင်စုအလံတော်ကို လွှဲပြောင်းပေးအပ်သည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့က သီဟဒီပ အားကစားကွင်းထိပ်သို့ ဆက်လက် သယ်ဆောင်သွားပြီး သတ်မှတ်နေရာအရောက်၌ ပြည်ထောင်စု အလံတော်ကို ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်ထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်က တပ်မတော်(ကြည်း၊ ရေ၊ လေ)၊ ရဲ အရာရှိလေးဦးနှင့် တိုင်းရင်းသားတိုင်းရင်းသူများ ခြံရံကာ သီဟဒီပ အားကစားကွင်းသို့ သယ်ဆောင်သွားပြီးနောက် သီဟဒီပအားကစားကွင်း စင်မြင့်ရှိ ငွေဖလား၌ နံနက် ၈နာရီ မိနစ် ၅၀တွင် ပြည်ထောင်စုအလံတော်ကို စိုက်ထူလိုက်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်ရေးပြတပ်ဖွဲ့၊ ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးက အလေးပြုကြရာ တပ်မတော်စစ်တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်ပေးသည်။

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော် တစ်ညတာ ရပ်နားရာ သန်လျင်မြို့ သီဟဒီပ အားကစားကွင်း၌ အလံတော်လာရောက်အလေးပြုကြသူများဖြင့် စည်ကားလျက်ရှိသည့်အပြင် ဝန်ကြီး ဌာနပေါင်းစုံမှ ပြခန်းပေါင်း ၁၀ခန်း ပြသထားပြီး ခရိုင်နှင့် မြို့နယ်လူမှုရေးအသင်းအဖွဲ့များမှ ဆိုင်ခန်းပေါင်း ရှစ်ခန်းဖွင့်လှစ်ရောင်းချပေးသည်။ ပျော်ပွဲရွှင်ပွဲအဖြစ် ယနေ့ညမှ ဖေဖော်ဝါရီ ၁၂ရက်ညအထိ ပြန်ကြားရေးဝန်ကြီးဌာန မော်ကွန်းရုပ်ရှင်ဖြင့် ပြည်သူများအား ဧည့်ခံဖျော်ဖြေမည်ဖြစ်သည်။

(သတင်းစဉ်)

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်စဉ်နှင့် ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

▲ ကျောဖုံးမှ

အစီအစဉ်အရ ပြပွဲခင်းကျင်းပြသရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲတွင် ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံ၏ သမိုင်းမတင်မီ ခေတ်ပြကွက်၊ ရှေးဟောင်း မြန်မာနိုင်ငံတော်များပြကွက်၊ မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ ထုံးစံပြကွက်၊ ပြည်ထောင်စုနေ့ ပေါ်ပေါက်လာပုံနှင့် လွတ်လပ်ရေးရရှိခြင်းပြကွက်၊ ပြည်ထောင်စု စိတ်ဓာတ် ရင့်သန်ခိုင်မာရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဖော်ဆောင်မှုများပြကွက်၊ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ပြကွက်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနပြခန်း၊ ပညာရေးဝန်ကြီးဌာနပြခန်း၊ ကျန်းမာရေးဝန်ကြီးဌာနပြခန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနပြခန်း၊ သစ်တောရေးရာဝန်ကြီးဌာနပြခန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြခန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနပြခန်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ပြခန်း၊ သတ္တုတွင်းဝန်ကြီးဌာနပြခန်း၊ စွမ်းအင်ဝန်ကြီးဌာနပြခန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနပြခန်း၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနပြခန်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းပြခန်းနှင့် မျက်မှောက်ခေတ်နိုင်ငံရေး၊ လူမှုရေး ဖြစ်ပေါ်ပြောင်းလဲ တိုးတက်မှုပြကွက် (ခိုင်မြဲလက်တွဲ တို့မခွဲ၊ အမြဲစည်းလုံးညီပြကွက်) တို့ကို လှည့်လည်ကြည့်ရှုကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ပြပွဲကို ယနေ့မှ ဖေဖော်ဝါရီ ၁၆ရက်အထိ တပ်မတော်ခန်းမ၌ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း ပြသသွားမည်ဖြစ်သည်။ (သတင်းစဉ်)

တရားစခန်း ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၈

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ် ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထ ဝိပဿနာတရားတော်များကို ဓမ္မရသ ရိပ်သာမှ ကမ္မဋ္ဌာန်း နည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလ-အုံကြီး)က မြောက်ဥက္ကလာပမြို့နယ် (င) ရပ်ကွက်၊ သန္တာ(၁၇) လမ်း၊ ရန်အောင်ကျောင်းတိုက်ဝင်း၊ အောင်သာဝတီ စာသင်တိုက်အတွင်းရှိ ဓမ္မအာဟာရဆွမ်းစားကျောင်းတော်ကြီးတွင် ဖေဖော်ဝါရီ ၁၂ရက်မှ ၁၈ရက်အထိ ညနေ ၆နာရီခွဲမှ ၈နာရီအတွင်း လည်းကောင်း၊ ၂၀ရက်မှ၂၆ ရက်အထိ မကွေးမြို့ မြို့မဓမ္မာရုံတော်ကြီးတွင် ညနေ ၆နာရီမှ ၇နာရီခွဲအတွင်းလည်းကောင်း ကိုယ်တွေ့ဉာဏ်မြင်ခန္ဓာဉာဏ်ရောက် ဟောပြောပို့ချမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဘဏ္ဍာ/အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်း မန္တလေးမြို့၌ လုပ်ငန်းများစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသန်းညိန်း၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၆ ရက်တွင် မန္တလေးမြို့ရှိ မြန်မာ့စီးပွားရေးဘဏ် တိုင်းမန်နေဂျာရုံးနှင့် ဘဏ်ခွဲ(၂) ယာယီ ရွှေ့ပြောင်းထားသော နေရာတို့အား ကြည့်ရှုစစ်ဆေးရာ၊ ဘဏ်လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများအား မြန်မာ့စီးပွားရေးဘဏ်၊ တိုင်း၊ ခရိုင်မန်နေဂျာများက ရှင်းလင်းတင်ပြပြီး၊ ဝန်ကြီးက ဘဏ်လုပ်ငန်းဆောင်ရွက်မှု ထိရောက်ထက်မြက်စွာ ဆောင်ရွက်နိုင်ရန်နှင့် ဘဏ္ဍာရေး ငွေရေးကြေးရေး ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ မြန်ဆန်စေရေးတို့အား စနစ်တကျ ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် မန္တလေးမြို့ရှိ ပင်စင်ဦးစီးဌာန၊ အထက်မြန်မာပြည်ရုံးခွဲနှင့် တိုင်းဦးစီးမှူးရုံးသို့ ရောက်ရှိလာရာ တိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများက ပင်စင်ဦးစီးဌာနဆိုင်ရာလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လုပ်ငန်းဆောင်ရွက်မှုများ မှန်ကန်မြန်စွာဆောင်ရွက်နိုင်ရေး မှာကြားခဲ့သည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

သံတမန်ကျွမ်းကျင်မှု သင်တန်းသား၊ သင်တန်းသူများ ပြန်လည်တွေ့ဆုံပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

သံတမန်ရေးရာကျွမ်းကျင်မှု အခြေခံနှင့် အဆင့်မြင့်သင်တန်းသား၊ သင်တန်းသူအားလုံး ပြန်လည်တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၅ နာရီမှ ည ၉ နာရီအထိ 'ရွှေပင်လယ်' မာလာငါးစားသောက်ဆိုင် အင်းလျားလမ်း ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပြီး ယင်းနှင့်အတူ ဂေါက်ရိုက်ပြိုင်ပွဲ၏ ဆုပေးပွဲကိုလည်းကျင်းပမည်ဖြစ်၍ အပတ်စဉ်အားလုံးမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပါရန်နှင့် ဦးအောင်ကျော်မိုး ဖုန်း-၀၉၅၁၂၃၀၀၈၊ ဦးနိုင်ဝင်း ဖုန်း-၀၉၉၉၃၃၅၈၇၊ ဦးမြင့်စိုး ဖုန်း-၀၉၉၉၇၃၅၉၅၁ ဦးအောင်လင်း ဖုန်း-၀၉၅၀၁၈၀၉၀၊ ဦးလှမြင့် ဖုန်း-၀၉၅၀၀၁၁၂၃၊ ဦးဝဏ္ဏ ဖုန်း-၀၉၅၀၀၅၅၉၆နှင့် ဦးဇော်မင်းဖုန်း-၀၉၅၀၀၀၉၈၆ တို့ထံ ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးဝင်းအတွင်း ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့နှင့်မျိုးကိုင်းများ ပျိုးထောင်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၄ ရက်က အမှုဆောင်အရာရှိ ဦးသန်းဝေ၊ တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်ကြည်နှင့် ဝန်ထမ်းများဆောင်ရွက်လျက်ရှိရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်မြင့် ကြီးကြပ်စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ခုနှစ် ဖေဖော်ဝါရီလအတွက်

(၁၂-၂-၂၀၀၆)ရက်နေ့

(၂၆-၂-၂၀၀၆)ရက်နေ့

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉-၂-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၀၅ ၇။ အကပဒေသာ
၈:၁၅ ၈။ အရေးပြိုင်ပွဲ
၈:၂၀ ၉။ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ Let's Go.
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အဆိုပြိုင်ပွဲ
၄:၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ- ပထမနှစ် (သတ္တဗေဒအထူးပြု)(သတ္တဗေဒ)
၄:၄၅ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၀၅ ၆။ **"သတိနဲ့ယှဉ် အသိနဲ့ပြင်" (ဝါးခယ်မရဲမောင်၊ဘုန်းလျှန်၊ မြတ်ကေသီအောင်၊ရတနာခင်၊ ဟန်နီထွန်း၊ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ-မင်းအုပ်စိုး)**
၅:၂၀ ၇။ မြန်မာစာ၊ မြန်မာစကား
၅:၃၀ ၈။ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅:၄၅ ၉။ တေးဂီတအစီအစဉ်
၅:၅၅ ၁၀။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်မေတ္တာ" (အပိုင်း-၃)**
၇:၂၀ ၁၄။ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၇:၃၀ ၁၅။ ခြံစည်းရိုးကြက်ဆူအကြောင်း သိကောင်းစရာဆွေးနွေးခန်း
၇:၄၀ ၁၆။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ (အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု)
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းဆီအိပ်မက်" (အပိုင်း-၅)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေး တိုင်းမှူးနှင့်မြို့တော်ဝန် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်အတွင်း ဆောင်ရွက်လျက်ရှိသည့်မြို့တော် သန့်ရှင်းသာယာလှပရေး၊ မြို့တော်အတွင်း ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများနှင့် လမ်းများအဆင့်မြှင့်ခင်းကျင်းခြင်း လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့သည် နံနက် ၆ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် နတ်မောက်လမ်းသို့ ရောက်ရှိကြပြီး လမ်းတစ်လျှောက် လမ်းဘေးလူသွားစင်္ကြံ အဆင့်မြှင့် ခင်းကျင်းလျက်ရှိသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် မင်္ဂလာတောင်ညွန့်မြို့နယ် မြယာကုန်းလမ်း တိုးချဲ့ခင်းကျင်းပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ သိမ်ဖြူငါးခွဆုံ အနီး Free Way ယာဉ်ကြောသတ်မှတ်၍ လမ်းခင်းကျင်းရန် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ လသာမြို့နယ် အနော်ရထာလမ်းအား ခြစ်စည်းရိုး ကြက်ဆူဆီဖြင့် မောင်းနှင်သည့် စက်ယန္တရားများဖြင့် ကွန်ကရစ်ကတ္တရာ ထပ်ပိုးလွှာ ခင်းကျင်းနေမှုကို လည်းကောင်း၊ ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းအား စက်ယန္တရားများဖြင့် ကွန်ကရစ် ကတ္တရာ ထပ်ပိုးလွှာ ဆက်လက် ခင်းကျင်းနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့က မြို့တော်သန့်ရှင်းသာယာလှပရေးအတွက် လမ်းခင်းကျင်း ပြုပြင်ခြင်း၊ လူသွားစင်္ကြံများ အဆင့်မြှင့်ခင်းကျင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများကို တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ကြရန်မှာကြားသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့ လသာမြို့နယ် အနော်ရထာလမ်းအား ခြစ်စည်းရိုး ကြက်ဆူဆီဖြင့် မောင်းနှင်သော စက်ယန္တရားများဖြင့် ကွန်ကရစ်ကတ္တရာ ထပ်ပိုးလွှာ ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

မိတ္ထီလာမြို့ ဝမ်းတော်ပြည့်ဓာတ်တော်တိုက် နှစ်(၅၀)ပြည့် ဓာတ်တော်ပူဇော်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၈

မိတ္ထီလာမြို့ ကျီတော်ကုန်းရပ်ကွက်ရှိ ဝမ်းတော်ပြည့် ဓာတ်တော်တိုက်၏ နှစ်(၅၀)ပြည့် ဓာတုပူဇနိယဓာတ်တော်ပူဇော်ပွဲ ရွှေရတုသဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၃ရက်မှ ၅ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ဖေဖော်ဝါရီ ၃ရက်တွင် ဝမ်းတော်ပြည့် ဓာတ်တော်တိုက်၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်အခမ်းအနားကို ရဟန်းတော် ၁၁၀ ဆူအားသံဃာတော်များက အနေကဇာတင်တော်မူကြသည်။

ဆက်လက်၍ ဒါယကာ၊ ဒါယိကာမများက ရဟန်းတော်များနှင့် ဓာတ်တော်မွေတော်များအား သစ်သီးဆွမ်းများဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြို့ပေါ်ရှိ ရပ်ကွက်အသီးသီးနှင့် တပ်ရင်း/တပ်ဖွဲ့များမှ ခမ္မစကြာဝတ်အသင်း ၂၄သင်းတို့က အသံမစဲခမ္မစကြာများဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။

ဖေဖော်ဝါရီ ၄ရက်တွင် ခမ္မစကြာဝတ်အသင်းများက ဓာတ်တော်တိုက်ရှိ ဓာတ် တော်မွေတော်များအား ခမ္မစကြာဖြင့် ရွတ်ဖတ်ပူဇော်ကြပြီး ညနေပိုင်းတွင် ဓာတ်တော် မွေတော်များအားကားများဖြင့် ပင့်ဆောင်၍ မြို့တွင်းရှိ ရပ်ကွက်အသီးသီးသို့ လှည့်လည်အပူဇော်ခံသည်။ ထို့အပြင် ကျီတော်ကုန်း၊ မိတ္တဗလ၊ ကန်ဦး၊ မန်ကျီးချောက်နှင့် ပြည်သာယာရပ်ကွက်များမှ ဒါယကာ၊ ဒါယိကာမများက ဝမ်းတော်ပြည့် ဓာတ်တော်တိုက်ရှိ ဗုဒ္ဓရဟန်းတော်များနှင့် ဓာတ်တော်မွေတော်များအား ငွေပဒေသာပင်များဖြင့် ဆက်ကပ် လှူဒါန်းကြသည်။ ညပိုင်းတွင် ရန်ကုန် မြို့သိမ်တောင်ကျောင်း ဓာတ်တော် တိုက် ဆရာတော် ဆုထူးရှင် ဘဒ္ဒန္တ ကိတ္တိဝရက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူသည်။

ဖေဖော်ဝါရီ ၅ရက် မင်္ဂလာအချိန် နံနက် ၈နာရီတွင် ဝမ်းတော်ပြည့် ဓာတ်တော်တိုက်၏ နှစ်(၅၀)ပြည့် ဓာတုပူဇနိယ ဓာတ်တော်ပူဇော်ပွဲ ရွှေရတုသဘင် အထိမ်းအမှတ်မော်ကွန်းကမ္ပည်း ကျောက်စာတိုင်ကို ဝမ်းတော်ပြည့် ပရိယတ္တိ၊ ပဋိပတ္တိ သာသနာပြုကျောင်းတိုက်၏ ဦးစီးပဓာန နာယက သာသနဓဇ သီရိပဝရ ဓမ္မာစရိယ ဝိနယပါဠိပါရဂူ ဘဒ္ဒန္တ ဇနိတက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးတော်မူသည်။

ဆက်လက်၍ မိတ္ထီလာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် မြို့နယ်သာသနာရေးဦးစီးဌာနဦးစီး အရာရှိ ဦးကျော်တင့်တို့က ဝမ်းတော်ပြည့်ဓာတ်တော်တိုက်၏ နှစ်(၅၀)ပြည့် ဓာတုပူဇနိယ ဓာတ်တော်ပူဇော်ပွဲ ရွှေရတုသဘင် အထိမ်းအမှတ်အဖြစ် ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝမ်းတော်ပြည့် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇနိတ အမှူးပြု၍ ပင့်သံဃာတော် ၁၀၈ပါးတို့အား ဒါယကာ၊ဒါယိကာမများက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။

ဝမ်းတော်ပြည့်ဓာတ်တော်တိုက်၏ နှစ်(၅၀)ပြည့် ဓာတုပူဇနိယဓာတ်တော် ပူဇော်ပွဲ ရွှေရတုသဘင် အထိမ်းအမှတ် အဖြစ် သံဃာတော်အပါး ၃၀၀တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး ထီး၊ ဖိနပ်၊ သင်္ကန်းတို့ကို ဆက်ကပ်လှူဒါန်းကြသည်။ ပင့်သံဃာတော်များထဲမှ ထေရ်ကြီး၊ ဝါကြီး သက်တော်ရှည် သံဃာတော် ၁၀ပါးတို့အား ထီး၊ ဖိနပ်နှင့် လှူဖွယ်ဝတ္ထုများကို သီးခြားဆက်ကပ်လှူဒါန်းကြသည်။

ထို့အပြင် ရပ်ကွက်အသီးသီးမှ ဒါယကာ၊ ဒါယိကာမများအား ဗုဒ္ဓရဟန်းဆင်းတုတော် ၁၁၀ ဆူအား မဟာဒုတ်မဲဖြင့် လှူဒါန်းသည်။ ထို့နောက် ဝမ်းတော်ပြည့်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇနိတ ဆရာတော်အား ကျောက်ပန်းတောင်းမြို့ ပုပ္ပားမင်္ဂလာကြည်နှင့် မန္တလေးမြို့ အကနည်းပြ ဆရာမ ဒေါ်သန်းသန်းညွန့်တို့က ဂါထာ၊ တေးထပ်၊ ရတုပိုဒ်စုံများဖြင့် ရွတ်ဆိုပူဇော်ကြသည်။

(သတင်းစဉ်)

နာဂလိုဏ်ဂူဘုရား ဗုဒ္ဓပူဇနိယပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၈

နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီတော် ဗုဒ္ဓပူဇနိယပွဲ၊ ကျေးဇူးတော်ရှင်ဆရာတော်ကြီးများအား ပူဇော်ပွဲနှင့် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားများကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကလေးဝတောရ ပရိယတ္တိစာသင်တိုက် သုကုမာရမဂ္ဂဒီပနီကျောင်းဆောင်၌ ကျင်းပမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၁၂ ရက် (တနင်္ဂနွေနေ့)တွင် သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းပြီး ပရိသတ်များအား စတုဒိသာကျွေးမွေးမည်ဖြစ်သည်။

(က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၂-၂၀၀၆
(ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	အာဟာရနှင့် ကျန်းမာရေး (ကျောက်ဘီလူးတင်မောင်ဆွေနှင့် တွေ့ဆုံခြင်း)
၇း၄၅	ကချင်ရိုးရာဝတ်စားဆင်ယင်မှု
၇း၅၀	ဝါသနာရှင်စင်မြင့် (ဥက္ကာမင်းမောင်၊မေခလာ)
၈း၂၀	ပြည်တွင်းသတင်းအကျဉ်း
၈း၃၀	ပို့ကြမယ်၊ သွင်းကြမယ် (မင်းအုပ်စိုး၊မျိုးစန္ဒီကျော်)
၈း၄၅	မိုးလေဝသခန့်မှန်းချက်
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	Video Magazine (Part-2)
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၂၅	ကြမ်းခင်းတုံးထုတ်လုပ်မှုလုပ်ငန်း
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	တိုးတက်ဖွေရှာ ဇီဝလောင်စာ
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	၂၀၀၅ခုနှစ် နိုင်ငံတကာဂေါက်သီးရိုက်ပြိုင်ပွဲ
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀	ဆေးလိပ်အန္တရာယ်
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅	မူးယစ်ဆေးဝါး အထိမ်းအမှတ်ပြတိုက်
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀	ခွာနာလျှာနာရောဂါ ကာကွယ်ပေးပါ
၁၁း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅	မြန်မာနိုင်ငံရဲ့စပါးကျီ တိုင်းဧရာဝတီ
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာအစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ(၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ညောင်ပင်သာဆရာတော်တရားပွဲများ

ရန်ကုန် ဖေဖော်ဝါရီ ၈

အင်းစိန်မြို့နယ် ညောင်ပင်သာကျောင်းတိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၏ ပဓာန နာယက မိုးကုတ်နယ်လှည့် ဓမ္မကထိက ဆရာတော် အရှင်မာလာစာရ (ဓမ္မာစရိယ)သည် ဖေဖော်ဝါရီ ၁၃၊ ၁၄၊ ၁၅ ရက်တွင် ဝါးခယ်မမြို့ ရှစ်မျက်နှာဘုရား သာသနာ့ဗိမာန်၊ ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၂ ရက်အထိ ဘိုကလေးမြို့ ပဒတ်ကျေးရွာ ချမ်းမြေ့သာယာပရိယတ္တိပျိုးခင်းကျောင်းတိုက်၊ မတ် ၄ ရက်မှ ၁၀ရက်အထိ ထန်းတပင်မြို့နယ် လမုတန်းလေးကျေးရွာ လမုတန်းလေးကျောင်းတိုက်၊ မတ် ၁၂၊ ၁၃ ရက်တွင် တောင်သာမြို့ အောင်စေသိန်းပြည့်စေတီတော် မြတ်ဗုဒ္ဓပူဇနိယပွဲနှင့် မတ် ၁၇၊ ၁၈ ရက်တွင် ဝါးခယ်မမြို့ ကျောက်ရဲစုနှစ်(၃၀)ပြည့် ဓမ္မသဘင်များ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည် ဖြစ်ကြောင်းသိရသည်။ (က-ပ)

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုမင်္ဂလာအိမ်ရာ သုဒဿနလမ်းနေ ဦးထက်ညီ-ဒေါ်ယဉ်ယဉ်မြင့်တို့၏ သမီး မလင်းနေခြည်ထက်၏ မွေးနေ့ အထိမ်းအမှတ်အဖြစ် ဗဟန်းမြို့နယ် ဓိဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ငွေပဒေသာပင် ကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုကြီး လက်ခံယူစဉ်။ (က-ပ)

ရန်ကုန်မြို့ ဒဂုံမြို့နယ် ဗိုလ်ရာညွန့်လမ်းနေ (ဦးစိန်ကျော်)-ဒေါ်တင်ညွန့် (ဂျိုးဖြူ) မိသားစုက ငွေကျပ်သုံးသိန်းကို ဖြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ အမှုဆောင်ဒေါ်တင်တင်ဦး လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၂-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ မျိုးချစ်တပ်မတော်
၄း၂၀	၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀	၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၀၀	၈။ မျိုးချစ်တပ်မတော်
၅း၃၀	၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။ နိုင်ငံတကာသတင်း
၆း၂၀	၁၃။ မိုးလေဝသသတင်း
၆း၂၅	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၅။ **ကာတွန်းအစီအစဉ် ပါကျဲ (အပိုင်း-၁၀)**
၆း၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်ထုံးရယ်မပြယ်" (အပိုင်း-၁၂)**
၈း၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ မြဝတီရဲ့ မြဝတီ
	၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တရားစီရင်ထုံး" (အပိုင်း-၉)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

ရွှေနိုင်ငံဂျာနယ် အတွဲ(၄)၊ အမှတ်(၁၉) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၈

ရွှေနိုင်ငံဂျာနယ် အတွဲ(၄)၊အမှတ်(၁၉)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါ ဂျာနယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့သင်တန်း အမှတ်စဉ်(၃၇) သင်တန်းသား၊ သင်တန်းသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည့် သတင်း၊ သိန်းစိန်(အမျိုးသားစာပေ-၁၉၆၅)၊ စိမ်းမြရည်(ပြန်/ဆက်)၊ ကျော်ဇင်ညွန့်(တရားရုံးချုပ်ရှေ့နေ)၊ စန်းနီလာဝင်း၊ တက္ကသိုလ်မြတ်သူ၊ စောလှနွယ်(မကွေး)၊ ညွန့်ဟံ(ကြူတော)၊ ရေနံ့သာမောင်ကျော်ညွန့်၊ ဆင်ဖြူကျွန်းမြင့်သိန်း၊ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၊ မောင်ကွန်ပျူတာ၊ ရန်ကင်းမောင်တို့၏ သုတ၊ ရသဆောင်းပါးများ၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ အေးခင်ခင်လှိုင်တို့၏ ကဗျာ၊ မောင်မီဒီယာ၏ ရုပ်ဝေးမြေခြား ဟာသများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေးဆောင်ရွက်မှုသတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာဖော်ပြပါရှိသည်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတော် ရွှေပြား၊ ရွှေသင်္ကန်း ရေစက်ချလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၈

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော (၄၆၁)ကြိမ်မြောက် ရွှေပြား၊ ရွှေသင်္ကန်းနှင့် အထွေထွေဝေယျာဝစ္စ အလှူတော်ငွေများ ရေစက်ချလှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ရှေးဟောင်း ရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပသည်။

လှူဒါန်းပွဲတွင်အလှူရှင် ၈၉၆ဦးတို့က အလှူငွေ စုစုပေါင်း ၇၇၄၃၇၃၇၃ ကျပ်ကို လှူဒါန်းကြသည်။

(သတင်းစဉ်)

အင်းစိန်မြို့ ကျက်သရေဆောင် ဖောင်တော်ဦးမတ်ရပ်တော်ဘုရားကြီးတွင် အသံမစဲ မဟာပဋ္ဌာန်းပိတ်ပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ထာဝရသီတင်းသုံးနေသည့်ဓာတ်တော်များ (၁၅)ကြိမ်မြောက် မြို့နယ်အတွင်း ၂၁ရပ်ကွက်သို့ လှည့်လည်အပူဇော်ခံရရှိသည့် အလှူတော်ငွေကျပ် ၂၉၆၇၁၃၀ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၈ ရက်က မတ်ရပ်တော်ဘုရားကြီးမင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းလွင်၊ ကြို့ကုန်းအနောက်ရပ်ကွက်ဥက္ကဋ္ဌ ဦးမွန်သိန်းတို့က ဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုလတ်နှင့် ဒုတိယဥက္ကဋ္ဌ ဦးမြင့်တို့ထံ အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (၆၁)

ဥက္ကလာပစေတီတော် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာပစေတီတော်ကြီး၏ ထီးတော်မှ ခေါင်းလောင်းတော်အထိ ဒုတိယအကြိမ် ရွှေသင်္ကန်းကပ်လှူပူဇော်လျက်ရှိရာ ရွှေမျက်ပါးတစ်ချပ်လျှင် ကျပ်၂၀၀နှုန်း၊ ကိုးလက်မပတ်လည်ကြေးပြားပေါ်တွင် ရွှေမျက်ပါး ကပ်လှူခြင်းအတွက် ကျပ် ၆၀၀၀ နှုန်း၊ ရွှေမျက်ပါးရာဆိုင်းတစ်ဆိုင်းလျှင် ကျပ်၂၀၀၀၀နှုန်းဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်းသိရသည်။ (၆၄)

ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး မိတ္ထီလာနှင့် ရမည်းသင်းခရိုင်ရှိ ဝန်ထမ်းများအား တွေ့ဆုံမှာကြား

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ရမည်းသင်းခရိုင်အတွင်းရှိ ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ဌာနများမှ ဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။ (ပြည်ထဲရေး)

ရန်ကုန် ဖေဖော်ဝါရီ ၈

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် ဖေဖော်ဝါရီ ၅ ရက်တွင် မန္တလေးတိုင်းခရီးစဉ်အတွင်း မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်ရှိ ဝန်ထမ်းများနှင့်တွေ့ဆုံကာ နိုင်ငံတော်၏ လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေ၊ ဝန်ထမ်းများသည် ပြည်သူ့ဝန်ထမ်းများပီပီ ပြည်သူနှင့်ဆက်ဆံရာတွင် ကိုယ်ချင်းစာနာစိတ်ဖြင့် ပြုမူဆက်ဆံရေး၊ ကျင့်ဝတ်သိက္ခာနှင့်အညီ စောင့်ထိန်းလိုက်နာရေး၊ ဌာနတွင်း၊ ဌာနပြင်စည်းရုံးရေးတို့ကို ကျစ်လျစ်သိပ်သည်းစွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့ကို အကျယ်တဝင့် ရှင်းလင်းတွေ့ဆုံမှာကြားသည်။

(သတင်းစဉ်)

ကျိုက်ထိုမြို့နယ် စည်ပင် သာယာရေး အဖွဲ့မှ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ် အတွင်း တာဝန်ယူ ဆောင် ရွက် လျက် ရှိသော ဖေယျာမွန် ရပ်ကွက် ရေပေးရေး၊ ရေစင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၆ရက်က မွန်ပြည်နယ် စည်ပင် သာ ယာ ရေး အ ဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့ ရှင်းလင်းပြသစဉ်။

(မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၈

မုဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ် တပ်ဖွဲ့ဝင်များ၊ မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ မြို့ပေါ်ရှိ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ပူးပေါင်း၍ ဖေဖော်ဝါရီ ၅ ရက်က မီးဘေးကြိုတင်ကာကွယ်ရေး တားဆီးရေးလုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်မျိုးမြင့်၊ မီးသတ်တာဝန်ခံ ဦးဉာဏ်ထွန်းတို့အဖွဲ့သည် မြို့မ(၂)ရပ်ကွက်ရှိ နေအိမ်များတွင် မီးသုံးစွဲမှုနှင့် မီးချိပ်၊ မီးကတ်ထားရှိမှုများ စစ်ဆေးခြင်း၊ ပညာပေးဟောပြောခြင်းများကို ဆောင်ရွက်ကြသည်။

(မြို့နယ်မီးသတ်)

မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

ထူးခြားသည့် ညအပူချိန်များ

(၈-၂-၂၀၀၆)

ပင်လောင်း

၃ ဒီဂရီစင်တီဂရိတ်

လားရှိုး၊ ဟဲဟိုးနှင့် ဟားခါး

၄ ဒီဂရီစင်တီဂရိတ်စီ

အာဖရိကဖလား အကြိုဗိုလ်လုပွဲ အိမ်ရှင်အီဂျစ်နှင့် အိုင်ဗရီကို့စ်အနိုင်ရ

ကိုင်ရို ဖေဖော်ဝါရီ ၈

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲများကို ဖေဖော်ဝါရီ ၇ရက်က အီဂျစ်နိုင်ငံ၌ ကစားရာ အိမ်ရှင်အီဂျစ်အသင်းက ဆီနီဂေါအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ အိုင်ဗရီကို့စ်အသင်းက နိုင်ဂျီးရီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့တက်ရောက်သွားကြသည်။

ကိုင်ရိုမြို့၌ ကျင်းပသည့် အီဂျစ်အသင်းနှင့် ဆီနီဂေါအသင်းတို့ပွဲတွင် အီဂျစ်အသင်း၏ ခေါင်းဆောင် အာမက်ဟာဆန်က ပထမပိုင်း ၃၆ မိနစ်၌ ရရှိသော ပိုင်နယ်တီ ဘောလုံးကို ကန်သွင်းလိုက်ခြင်းဖြင့် ပထမဂိုးရရှိသွားသည်။

ခြောက်မိနစ်အကြာတွင် ဆီနီဂေါအသင်း တိုက်စစ်မှူး ဒီမင်စီကာမာရာ နိုင်ဂ်က ခေါင်းတိုက်ကာ ချေပဂိုးသွင်းလိုက်သဖြင့် တစ်ဖက်တစ်ဂိုးစီဖြစ်သွားသည်။ ဒုတိယပိုင်းပြီးခါနီးတွင် အီဂျစ်အသင်းမှလူစားဝင်လာသူ ဇာကီက ခေါင်းတိုက်ကာ အနိုင်ဂိုးသွင်းလိုက်နိုင်သဖြင့် အီဂျစ်အသင်း ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် အလက်ဇန္ဒြားမြို့၌ အိုင်ဗရီကို့စ်နှင့် နိုင်ဂျီးရီးယားနိုင်ငံအသင်းတို့ ယှဉ်ပြိုင်ကစားရာ အိုင်ဗရီကို့စ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အိုင်ဗရီကို့စ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ရှေ့တန်းလူ ဒီဒီယာဒရော့ဘာက သွင်းပေးခဲ့သည်။

နောက်ဆုံးဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၁၀ရက်တွင် ကျင်းပမည်ဖြစ်သည်။

(အမ်အင်အေ၊ရိုက်တာ)

မင်္ဂလာပါဇာတ်ကားဆက်လက်ရုံတင်ပြသ

ရုပ်ရှင်

ရန်ကုန် ဖေဖော်ဝါရီ ၈

ယခု သောကြာပတ်တွင် မြန်မာရုပ်ရှင်ကားသစ် ရုံမဝင်ဘဲ ပြသဆဲ "မင်္ဂလာပါ"ဇာတ်ကားသာရှေ့ဆောင်ရုံတွင် ဆက်လက်ပြသနေသည်။

မင်္ဂလာပါ

"မင်္ဂလာပါ"ဆေးရောင်စုံဇာတ်ကားမှာ သမားရိုးကျ ဇာတ်လမ်းများမှ ခွဲထွက်ကာကျေးလက်ဒေသမှုလတန်းပညာရေးမြှင့်တင်ရန် မြို့မှလူငယ်နှစ်ဦး၏ ကြိုးပမ်းမှုဇာတ်လမ်းကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ အညာကျေးလက်ဒေသတွင် သွားရောက်ရိုက်ကူးခဲ့သည့် ဇာတ်ကားတစ်ကား ဖြစ်သည်။ ပရိသတ်အားပေးမှု ဆက်လက်ရရှိဆဲဖြစ်ပြီး စိုင်းစိုင်းခမ်းလှိုင်၊ နေတိုး၊ မျိုးစန္ဒီကျော်နှင့် ဇာဂနာတို့ ပါဝင်ထားကြသည်။

နိုင်ငံခြားရုပ်ရှင်

သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံတွင် ဒါရိုက်တာ Peter Jackson ရိုက်ကူးသည့် King Kong ဇာတ်ကားပြသမည်ဖြစ်သည်။ ကင်းကောင်ကြီးနှင့် လူသားတို့ တိုက်ခိုက်ကြပုံကို စိတ်ဝင်စားဖွယ်အထူးပြုဖန်တီးမှုများဖြင့် ရိုက်ကူးထားသည့် ဇာတ်ကားတစ်ကားဖြစ်သည်။ သွင်ရုံတွင် ဒါရိုက်တာ Tsui Hark ရိုက်ကူးသည့် Seven Swords ဓားသိုင်းဇာတ်ကား ဆက်လက်ပြသပြီး မင်္ဂလာရုံတွင် ဒါရိုက်တာ Roland Emmerich ရိုက်ကူးသည့် အမေရိကန် ပြည်ထောင်စုတွင် ကျူးကျော်လာသည့် ဗြိတိသျှနယ်ချဲ့တို့နှင့် အမေရိကန်တော်လှန်ရေးသမားများ အကြားဖြစ်ပွားသည့် စစ်ပွဲကိုအခြေခံ ရိုက်ကူးထားသည့် The Patriot ဇာတ်ကားပြသမည်ဖြစ်သည်။ နေပြည်တော်အဆင့်မြင့်ရုပ်ရှင်ရုံတွင် ဒါရိုက်တာ Michael Bay ရိုက်ကူးသည့် ပုံတူကိုယ်ပွား လူသားများ၏ ဇာတ်လမ်း The Island ဇာတ်ကား ပြသမည်ဖြစ်သည်။ (ကြေးမုံ)

ရှေ့ဆောင် အဆင့်မြင့်ရုပ်ရှင်ရုံတွင်ပြသဆဲ 'မင်္ဂလာပါ' ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

(9-2)13.P65 1 9/02/2006, 1:26 AM

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပြည်ထောင်စုနေ့ပြပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၈

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမဥ္ဇကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဝင်များ၊ ပြပွဲခင်းကျင်းပြသရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဆပ်ကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၃ သို့ ▲

ပြည်ထောင်စုနေ့ပြပွဲ ကြည့်ရှု

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲတွင် ခင်းကျင်းပြသထားသည့်ပြခန်းများကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များ ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော် ရန်ကုန်တောင်ပိုင်းခရိုင်သို့ စတင်သယ်ဆောင် အလံတော်သယ်ယူရာ လမ်းတစ်လျှောက်မှ ပြည်သူများ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

ရန်ကုန် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊ ပြည်ထောင်စုကြီးထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ☆

အသီးတစ်ရာ အညွှာတစ်ခု ခို့ပြည်ထောင်စု

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို

- *"ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားခိုင်မြဲရေး ဆောင်ရွက်ရာတွင် အတွေးအခေါ်အယူအဆပိုင်းသက်သက်၊ သဘောတရားရေးသက်သက်ဖြင့် တည်ဆောက်၍မရနိုင်ဘဲ လက်တွေ့ပိုင်းဖြင့် ပေါင်းစပ်ပေးနိုင်ရန်လည်းလိုအပ်၊ ထို့ကြောင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရအောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဟူသော ဖွံ့ဖြိုးရေးစီမံကိန်းသုံးရပ်ကို တစ်ပြိုင်တည်း ပေါင်းစည်းဆက်စပ် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိ"*

  မြင့်စိုး၏ **"ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ထာဝစဉ် စည်းလုံးညီညွတ်စွာဖြင့် ချီတက်ကြပါစို့"**

  ဆောင်းပါး (စာမျက်နှာ–၈/၉)
- တက္ကသိုလ်တင်ခ၏ **"ပြည်ထောင်စု၏ နှလုံးအိမ်"** ကဗျာ (စာမျက်နှာ–၉)
- **တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကယားပြည်နယ်** သတင်းဆောင်းပါး (စာမျက်နှာ–၉)